မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၀၃)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး

အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် နေပြည်တော်သို့ရောက်ရှိနေသော အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး သံအမတ်ကြီး Mr. Derek Mitchell အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မူဝါဒရေးရာညှိနှိုင်းရေးမှူး သံအမတ်ကြီး Mr. Derek Mitchell နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်သံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး သံအမတ်ကြီး Mr. Derek Mitchell အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

လက်ခံတွေ့ဆုံ

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူး ကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး သံအမတ်ကြီး Mr. Derek Mitchell အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ရေအောက်၌ အသုံးပြုနိုင်သော လက်ကိုင်ဖုန်းသစ်

လက်စ်ဗီးဂက်စ် ဇန်နဝါရီ ၁၀

ရေအောက်တွင်အသုံးပြုနိုင်သော လက်ကိုင်စမတ်ဖုန်းအမျိုးအစားသစ်တစ်မျိုးကို အမေရိကန်နိုင်ငံ လက်စ်ဗီးဂက်စ်မြို့ အီလက်ထရွန်နစ်ကုန်ပစ္စည်းပြပွဲ၌ပြသထားရာ ၎င်းလက်ကိုင်ဖုန်းကို ကယ်လီဖိုးနီးယားပြည်နယ် လီကွီပယ်လ်ကုမ္ပဏီက ထုတ်လုပ်လိုက်ခြင်းဖြစ်ကြောင်း ဇန်နဝါရီ ၁၀ ရက်၌ သတင်းထုတ်ပြန်သည်။ အဆိုပါ လက်ကိုင်စမတ်ဖုန်းသစ်၏ ကိုယ်ထည်အပြင်ဘက်ပိုင်းကို လူ၏ဆံချည်တစ်မျှင်ထက် အဆတစ်ထောင်ခန့်ပါးလွှာသော သတ္တုအရည်တစ်မျိုးဖြင့် ဖုံးအုပ်ထားသည်။ ထို့အပြင် စမတ်ဖုန်း၏အတွင်းပိုင်းရှိ အစိတ်အပိုင်းများကိုလည်း ရေမဝင်နိုင်သော သတ္တုအရည်တစ်မျိုးဖြင့် ဖုံးအုပ်ထားသည်။

၎င်းဖုန်းသည် ရေထဲသို့ကျသွားသည့်တိုင် ထိခိုက်ပျက်စီးမှုမရှိ အသုံးပြုနိုင်ပြီး ရေအောက်တွင်လည်း ဖုန်းပြောဆို၍ ရစေရန် နည်းပညာသစ်ဖြင့် ထုတ်လုပ်ထားခြင်းဖြစ်သည်။ လွန်ခဲ့သည့် သီတင်းခြောက်ပတ်ခန့်ကပင် နာနိုနည်းပညာဖြင့် စမတ်ဖုန်းသစ်အမျိုး အစားတစ်မျိုးကို ထုတ်လုပ်ဖြန့်ဖြူးသွားမည်ဟု လီကွီပယ်လ်ကုမ္ပဏီက သတင်းထုတ်ပြန်ခဲ့သည်။ ယခုစမတ်ဖုန်းသစ်သည် ရေဝင်ရောက်မှုမှ အကာအကွယ်ပေးနိုင်သည်သာမက ကော်ဖီ၊ ဝိုင်နှင့် အခြားအရည်များကြောင့် ပျက်စီးမှုကိုလည်း ကာကွယ်ပေးနိုင်သည်။

(အင်တာနက်)

မြန်မာ့အလင်း **ယနေ့ ဖတ်စရာ၊ မှတ်စရာ**

ရှက်လျှော့ဖြင့် အမြန်ဆုံးကမ္ဘာတစ်ပတ်ရှက်လွှင့်သူ ဗြိတိန်နိုင်ငံသား ဘရန်သွမ်ပဆင်ဖြစ်လာ စာ-၄

ဗီတာမင်ဒီ လျော့နည်းနိမ့်ကျနေမှုနှင့် စိတ်ဓာတ်ကျဆင်းမှုတို့ ဆက်စပ်လျက်ရှိ စာ-၄

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၁ ရက်)

မြန်မာလိုလှတာ ဂုဏ်ယူစရာကောင်းပါသည်

ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်အလှများ ရှိကြသည်။ စာပေနှင့်ယဉ်ကျေးမှုအမွေအနှစ်များ အစွန့်ရှည်စေရန်လည်း ထိန်းသိမ်းစောင့်ရှောက်ကြရသည်။ ဤစာပေနှင့် ယဉ်ကျေးမှုသည်ပင်လျှင် နိုင်ငံ၏ အသက်ဖြစ်သည်။ အဘယ့်ကြောင့်ဟူမူ စာပေပျောက်လျှင် ယဉ်ကျေးမှု ပျောက်မည်။ ယဉ်ကျေးမှုပျောက်လျှင် လူမျိုးနှင့်နိုင်ငံ ပျောက်နိုင်ခြင်းကြောင့်ပေတည်း။

မျက်မှောက်ခေတ်ကြီး လျင်မြန်တိုးတက်လာသည်နှင့်အမျှ ယဉ်ကျေးမှုများမှာလည်း ရောထွေးကုန်ကြပြီ။ အနောက်ယဉ်ကျေးမှုများ အရှေ့ရောက်လာကြသည်။ မည်သည့်နိုင်ငံဆီမှ မည်သည့် ယဉ်ကျေးမှုပင် မသိနိုင်တော့။

အထူးသဖြင့် အနောက်တိုင်းဝတ်စားဆင်ယင်မှုများ အရှေ့သို့ကူးစက်လာသည်။ ရေရှည်တွင် ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ယဉ်ကျေးမှုများ တိမ်ကောသွားဖွယ်ရှိသည်။

ယနေ့လူငယ်လူရွယ်အချို့သည် ခေတ်မီလိုကြသည်။ အလှအပကို အလွန်နှံ့မင်ကြသည်။ တစ်မူထူးကဲပြီး ဆန်းသစ်သောတီထွင်မှုများဖြင့် ဝတ်စားဆင်ယင်သူ များပြားလာသည်။ Style ရှိမှ Star ဖြစ်မည်ဆိုသည့်အဆိုကို အမိအရစွဲကိုင်ပြီး ခေတ်မီအောင် ဝတ်စားဆင်ယင်တတ်လာကြသည်။ ခေတ်မီခြင်းကား ကောင်းပါသည်။ သို့သော် ခေတ်လွန်ခြင်းက မကောင်းပါ။

ယနေ့မြန်မာအမျိုးသမီးငယ်အချို့သည် ဟီရိုဒြတ္တပွတရားကင်းမဲ့စွာ ဝတ်စားဆင်ယင်မှုများ ပိုမိုများပြားလာသည်ကို တွေ့မြင်လာရသည်။ ယဉ်ကျေးမှုကို ထိန်းသိမ်းရမည်ဆိုခြင်းထက် မိမိ၏ အရှက်တရားကို မကာကွယ်နိုင်ခြင်းမှာ ပို၍ဆိုးပါသည်။

တစ်ခါက ဘတ်စ်ကားတစ်စီးပေါ်တွင် အလွန်တိုလွန်းသည့် စကတ်များဝတ်ဆင်ထားသည့် အမျိုးသမီးငယ်နှစ်ဦး၏ အနေအထိုင်ခက်ခဲနေပုံများကို သတိရမိသည်။ ထိုအမျိုးသမီးငယ်နှစ်ဦးသည် ဘတ်စ်ကားပေါ်တွင် ထိုင်ခုံရသော်လည်း မထိုင်ရဲကြ။ နောက်ဆုံးတွင် ကားစပယ်ယာပြောသဖြင့် ထိုင်ခုံများတွင် ဝင်ထိုင်လိုက်ရသည်။ ယင်းတို့ထိုင်သည့် ရှေ့တည့်တည့်တွင် အမျိုးသားသုံးဦးထိုင်လျက်ရှိသည်။ အမျိုးသားများမှာ တူရူသို့မကြည့်ကြတော့ဘဲ ဘေးဘက်သို့ မျက်နှာများလွှဲထိုင် လိုက်ရသည်ကိုလည်း သတိမူမိပါသည်။ ထိုအမျိုးသားများသည် ယိုသူမရှက် မြင်သူရှက်သွားပုံရသည်။ အလားတူ အဖြစ်အပျက် များစွာရှိမည် ထင်ပါသည်။ ထို့ကြောင့် ခေတ်မီခြင်းကား ကောင်းသော်လည်း ထိုကဲ့သို့ ဝတ်စားဆင်ယင်မှုများမှာ ခေတ်ကိုကျော်လွန်နေပါသည်။ ခေတ်လွန်ခြင်းကားမကောင်းဟု ဆိုခဲ့ခြင်းဖြစ်သည်။

အမှန်တကယ်တော့ နိုင်ငံအများအပြားမှာ မိမိနိုင်ငံယဉ်ကျေးမှုစနစ်အရ ဝတ်စားဆင်ယင်တတ်ကြပါသည်။ အနောက်နိုင်ငံများမှ အမျိုးသမီးငယ်များသည် ဂျင်းဘောင်းဘီတိုတိုမှာ သူတို့အတွက် ကောင်းပါသည်။ သို့သော် မြန်မာအမျိုးသမီးတစ်ယောက်အနေဖြင့် ဟောလိဝုဒ်မင်းသမီးရှုံးလောက်အောင် ဝတ်ဆင်ထားခြင်းမှာ သင့်လျော်မည်မဟုတ်ပါ။ ဝတ်စားဆင်ယင်မှုမှာ သူ့နေရာနှင့်သူရှိပါသည်။ ပွဲလမ်းသဘင်အဝတ်အစားများသည် ဘုရားသွားကျောင်းတက် မသင့်လျော်နိုင်ပါ။

သို့ဖြစ်ပေရာ မြန်မာဆယ်ကျော်သက်အမျိုးသမီးများအနေဖြင့် ခေတ်မီခြင်းကား ကောင်းပါသည်။ ခေတ်လွန်ခြင်းကား မကောင်းပါ။ မိမိကိုယ်မိမိ မြန်မာဆိုသည်ကို မမေ့စေချင်ပါ။ မည်သည့်နေရာ၊ ယုတ်စွအဆုံး မည်သည့်နိုင်ငံပင်သွားသွား မိမိသည် မြန်မာဆိုသည်ကို မမေ့စေချင်ပါ။ အမှန်တကယ်တော့ မြန်မာလိုဝတ်ဆင်ပြီး မြန်မာလိုလှတာ ဂုဏ်ယူစရာကောင်းသည်ပဲ မဟုတ်ပါလား ။ ။

ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေမှု ကရင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး

နေပြည်တော် ဇန်နဝါရီ ၁၀

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းသည် ဇန်နဝါရီ ၁ ရက်တွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများအား တွေ့ဆုံသည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအနီးရှိ ဆည်မြောင်းဦးစီးဌာန ရေဘုတ်ရေလှောင်တမံ ဆည်ရေသောက် ဧရိယာအတွင်း ဆည်ရေဖြင့် စိုက်ပျိုးသည့် စပ်မျိုးစပါး မျိုးစေ့ထုတ် စမ်းသပ်စိုက်ခင်း ၂၅ ဧက ပျိုးထောင်ထားရှိမှု၊ နွေစပါးစံပြ အထူးအထွက်တိုးဧက ၁၅၀ ကို ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးပြီး ရေဘုတ်ရေလှောင်တမံသို့သွားရောက် ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရေဘုတ်ရေလှောင်တမံသည် တမံလုပ်ငန်းများပြီးစီး၍ ရေသိုလှောင်ထားနိုင်ပြီဖြစ်ပြီး ရေပေးမြောင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းအားလုံးပြီးစီးပါက လယ်မြေဧက ၃၀၀၀ကို အောင်ရေနှင့် နွေစပါးစိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကာ အခြားသီးနှံ ဧက ၂၀၀၀ ခန့်ကိုလည်း ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လွတ်လပ်ရေးနေ့အခမ်းအနား သံတွဲမြို့နယ်၌ကျင်းပ

သံတွဲ ဇန်နဝါရီ ၁၀

(၆၄)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က သံတွဲမြို့ ဒွါရာဝတီပန်းခြံရှိ လွတ်လပ်ရေးကျောက်တိုင်ရှေ့ ရင်ပြင်၌ ကျင်းပသည်။ အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သည့် လွတ်လပ်ရေးနေ့သဝဏ်လွှာကို သံတွဲခရိုင် အုပ်ချုပ်ရေးမှူး ဦးထွန်းဝေက ဖတ်ကြားသည်။

ဆုများချီးမြှင့်

ထို့နောက် လွတ်လပ်ရေးနေ့စာစီစာကုံးပြိုင်ပွဲ အထက်တန်း၊ အလယ်တန်းအဆင့် ဆုရကျောင်းသား ကျောင်းသူများနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ပထမ၊ ဒုတိယဆုရအသင်းတို့ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်နှင့် သံတွဲခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းရွှေတို့က ဆုများချီးမြှင့်ပေးကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပ

ကော့သောင်း ဇန်နဝါရီ ၁၀

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ကော့သောင်းမြို့အဏ္ဏဝါရပ်ကွက် ကျောက်တိုင်ကွင်း၌ ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ်၂၀ က ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သောလွတ်လပ်ရေးနေ့သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သန်းက ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

တာချီလိတ်မြို့၌ ပြည်တော်သာဈေးသစ်ဖွင့်

တာချီလိတ် ဇန်နဝါရီ ၁၀

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် တာချီလိတ်မြို့ ဆန်ဆိုင်းရပ်ကွက်ပြည်တော်သာဈေးသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၁၁ နာရီက အဆိုပါဈေးသစ်မုခ်ဦးရှေ့တွင်ကျင်းပရာ ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးကိုကိုက အမှာစကားပြောကြားပြီး ဈေးပိုင်ရှင် ဦးဌေးဝင်းက ဈေးသစ်နှင့်ပတ်သက်သော အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက်ဈေးသစ်ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကို၊ ဈေးပိုင်ရှင် ဦးဌေးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါဈေးသစ်မှာ ခေတ်မီသံကူကွန်ကရစ် အလျားပေ ၁၀၀၊ အနံ ၉၇ ပေရှိ ဟင်းသီးဟင်းရွက် သားငါးဈေးရုံတစ်ရုံ၊ အလျားပေ ၇၀၊ အနံ ပေ ၆၀ ရှိ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းဈေးရုံနှစ်ရုံတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားကြောင်း သိရှိရသည်။ **(ဝ၆၀)**

ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ ရွှေပြည်သာမြို့နယ်၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၄၂) အခြေခံပညာမူလတန်းကျောင်းတွင် ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီက ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဝန်ကြီးဌာန ဝန်ကြီးဦးစိုးမင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန(ပညာ) ညွှန်ကြားရေးမှူးဦးသိန်းစံအောင်၊ အလှူရှင်အောင်ထက်လွင် ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးမျိုးနိုင်-ဒေါ်ခင်သစ်လွင်(မိသားစု)တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆောက်အအုံဖြစ်

အဆိုပါ ကျောင်းဆောင်သစ်သည် ပေ ၁၆၀×၃၀ သစ်သားအုတ်ညှပ် တစ်ထပ်တိုက် အဆောက်အအုံဖြစ်ပြီးစာသင်ခန်းရှစ်ခန်းပါရှိ၍ ကုန်ကျငွေကျပ်သိန်း ၆၅၀ ဖြစ်ကြောင်း သိရှိရသည်။ **မြင့်သန်းကြည်(ရွှေပြည်သာ)**

တောင်သူပညာပေး ပုလဲသွယ်စပ်မျိုးစပါးပျိုးခင်း သန်လျင်၌ ကွင်းဆင်းလေ့လာ

သန်လျင် ဇန်နဝါရီ ၁၀

သန်လျင်မြို့နယ် သနပ္ပင်ကျေးရွာအုပ်စု တောင်သူ ဦးညီညီမောင်၏ လယ်မြေဧက ၁၀ ကို စနစ်တကျ အကွက်ညီဖော်ထုတ်ထားရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းနေသည့် သိပ္ပံနည်းကျပျိုးထောင်ထားရှိသော ၁၀ ရက်သား ပုလဲသွယ်စပ်မျိုးစပါးပျိုးခင်းအား ပင်ပွားထွက်ရှိမှုနှင့် ပိုးမွှားရောဂါကျရောက်မှု ရှိမရှိကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရန်ကုန်တိုင်းဒေသကြီး မန်နေဂျာ ဦးတင်အောင်ဝင်း၊ ရန်ကုန်တောင်ပိုင်းခရိုင် မန်နေဂျာ ဦးကျော်ကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်း၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှဝန်ထမ်းများနှင့် ဒေသခံတောင်သူများသည် လက်တွေ့ကွင်းဆင်းလေ့လာကြရာ မြို့နယ်မန်နေဂျာ ဦးထွန်းမြင့်က လယ်ယာမြေစနစ်တကျ အကွက်ညီဖော်ထုတ်ဆောင်ရွက်ခဲ့မှုနှင့် သိပ္ပံနည်းကျပျိုးထောင်ခြင်း လက်တွေ့ဆောင်ရွက်ခဲ့သည့် အခြေအနေများကို ရှင်းလင်းပြသသည်။ သန်လျင်မြို့နယ်၌ ယခုနှစ်နွေစပါးရာသီတွင် တောင်သူ ၁၆ ဦးမှ ပုလဲသွယ် စပ်မျိုးစပါး ၅၁ ဧက စိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)**

ဒီဇင်ဘာလ စုပေါင်းလမ်းလျှောက်ပွဲ ပင်းတယမြို့နယ်၌ ကျင်းပ

ပင်းတယ ဇန်နဝါရီ ၁၀

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသပင်းတယမြို့နယ်တွင် ဒီဇင်ဘာလ လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၅ နာရီက ကျင်းပရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌဦးထူးကိုကို၊ ဒေသဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးစိုးနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦး၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ညိုညိုခင်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ စုပေါင်း၍ မြို့မဈေးစုထောင့်မှ မြို့နယ်အားကစားကွင်းသို့ စုပေါင်းလမ်းလျှောက်ပြီး မြို့နယ်အားကစားကွင်း၌ ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် အား/ကာ)**

စာအုပ်စာပေ လှူ့မိတ်ဆွေ

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ၂၅ လမ်းနေ နှစ်ဖက်သောမိဘများအား ရည်စူး၍ ဦးကျော်မိုးလွင်-ဒေါ်သက်သက်ဒွေး၊ သမီး မိုးဆုမွန်၊ သား မိုးပိုင်စိုး၊ မြေးမိုးနိဒါန်းမိသားစုတို့က ဘိုးဘွားများအား တစ်နေ့တာ အာဟာရကျွေးမွေးရန်အတွက် အလှူငွေကျပ် တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီ လဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတု ပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။ (မီးသတ်ဦးစီးဌာန)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၀

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး General Yutthasak Sasiprapa အား ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ကာကွယ်ရေးဝန်ကြီးရုံး ဧည့်ခန်းမ၌တွေ့ဆုံသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး ဗိုလ်မှူးကြီး ဝင်းမောင်တို့တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့်အတူ ထိုင်းတပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတိုက်ခတ်ချိန်နှင့် ၂၀၁၁ ခုနှစ် တာချီလိတ် တာလေဒေသ မြေငလျင်ဒဏ်ဖြစ်ပွားချိန်တို့တွင် ထိုင်းနိုင်ငံပြည်သူများနှင့် ထိုင်းတပ်မတော်တို့မှ ဆေးဝါးနှင့် ပစ္စည်းများ၊ ငွေကြေးများ လှူဒါန်းထောက်ပံ့ကူညီမှုအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းလျက်ရှိချိန်တွင် နှစ်နိုင်ငံနယ်စပ်ဆက်သွယ်ရေးလမ်းလုပ်ငန်းများ အောင်မြင်အောင် အမြန်ဆုံးဆောင်ရွက်သွားရေး၊ နယ်စပ်ဒေသမိမိနိုင်ငံဘက်ခြမ်း၌ စက်ရုံအလုပ်ရုံများ ထိုင်းနိုင်ငံက ရင်းနှီးမြှုပ်နှံတည်ဆောက်၍ ဒေသတွင်းပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တွေ့ဆုံ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး General Yutthasak Sasiprapa တို့ တွေ့ဆုံစဉ်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ ၁၀-၁-၂၀၁၂

ဟဲဟိုးမြို့ ၄ ဒီဂရီစင်တီဂရိတ်

ပင်လောင်းမြို့ ၅ ဒီဂရီစင်တီဂရိတ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn တို့ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး ဧည့်ခန်းမဆောင် (၆၂)၌ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် အဖွဲ့နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၀

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn တို့သည် ဇန်နဝါရီ ၉ ရက် နံနက် ၈ နာရီ မိနစ် ၄၀ တွင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး ဧည့်ခန်းမဆောင် (၆၂)၌ တွေ့ဆုံသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn ဦးဆောင်သော ထိုင်းတပ်မတော်အရာရှိကြီးများနှင့် နံနက် ၉ နာရီတွင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး ဧည့်ခန်းမဆောင်(၆၃)၌ တွေ့ဆုံဆွေးနွေးကြသည်။

ယင်းဆွေးနွေးပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က မြန်မာ၊ ထိုင်း၊ လာအိုနိုင်ငံ နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါး ပြဿနာများ၊ နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ ပူးပေါင်းဖြေရှင်းနိုင်ရေး၊ နှစ်နိုင်ငံနယ်နိမိတ်အတွင်းရောက်ရှိနေသော တပ်စခန်းများကိစ္စအား ဆောလျင်စွာ ဖြေရှင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်စပ်မြစ်ကြောင်းတစ်လျှောက် မြေထိန်းနံရံများ ပြုလုပ်နေသည့် ကိစ္စနှင့် ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။

ဆက်လက်၍ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား အပြန်အလှန်လည်ပတ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ထိထိရောက်ရောက် ဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

ထို့နောက် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုအတွက် အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲအပြီးတွင် အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်လဲလှယ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၁-၁-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ ဓမ္မနုဂ္ဂဟဓမ္မကဍ္ဍာ (ရွှေယမင်းဦး၊တေးရေး-မျိုးနွယ်ဆွေ၊ စကားပြော-သိန်းလှမော်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၁၀ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၂၀ ၈။ **စွမ်းအင်ဆိုင်ရာလုပ်ငန်းများ**
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၄:၁၅ ၃။ **သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်**
- ၄:၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၀ ၆။ သီချင်းကြီးပဒေသာ
- ၅:၀၀ ၇။ **ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်သံစုံတီးဝိုင်းကြီးနှင့် မြန်မာ့အသံခေတ်ပေါ်တေးဂီတ ပူးပေါင်းဖျော်ဖြေတင်ဆက်မှုအစီအစဉ်**
- ၅:၂၅ ၈။ **ကောင်းခြင်းဝေဖြာ**
- ၅:၄၀ ၉။ တေးဂီတအစီအစဉ်
- ၅:၅၀ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၀၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ မြန်မာ့ဝလေ့ရိုးရာလက်ဝှေ့
- ၆:၃၀ ၁၄။ ရွှေရင်ခုန်သံ
- ၇:၀၀ ၁၅။ **၂၀၁၀ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု၊ ဆုနှင်းသဘင်အခမ်းအနား**
- ၇:၃၀ ၁၆။ စန္ဒရားကွန်းဇော်၏တေးဂီတ တင်ဆက်မှုအစီအစဉ် (အပိုင်း-၃)
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ ပျော်ရွှင်ရင်ခုန်ပြကွက်စုံ
- ၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံး** (အပိုင်း-၂၃)
- ၂၂။ ရန်ကုန်တိုင်းဒေသကြီး **ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (မူလတန်းအဆင့်)**
- ၂၃။ အစီအစဉ်ပြီး၏။

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း (MWEA)မှ ကြီးမှူး၍ Agro Bio Product Co., Ltd. ၏ ပံ့ပိုးကူညီမှုဖြင့် ဟောပြောပွဲကို ဇန်နဝါရီ ၁၄ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း အမှတ် (၂၈၈/၂၉၀)ရှိ MWEA Tower စတုတ္ထထပ်ရှိ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းခန်းမကြီးတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါဟောပြောပွဲတွင် ဦးကျော်ကျော်လှိုင် (ဥက္ကဋ္ဌ- Smart Group of Companies) က ဟောပြောဆွေးနွေးမည်ဖြစ်ပြီး တက်ရောက်လိုသူများသည် အသင်းရုံး ဖုန်း-၂၅၄၄၀၀၊ ၂၅၄၄၃၃၊ ၃၈၉၃၈၀ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အကျီဝတ် ယှဉ်ပြိုင်

ရေဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ပုသိမ်မူလတန်းကြိုကျောင်းတွင် ဒီဇင်ဘာ ၃၀ ရက်က ကာယစွမ်းရည်ပြိုင်ပွဲ ကျင်းပရာ ရင်သွေးငယ်များ အကျီဝတ် ယှဉ်ပြိုင်ကြစဉ်။

(လူမှုဝန်ထမ်း)

ပြည်ထောင်စုဖွားသွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်

11-1 (03).pmd 1 1/11/2012, 3:14 AM

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ဟူစတန်မြို့၌ လေဆင်နှာမောင်းတိုက်ခတ်ပြီးနောက် ရေလွှမ်း

ဟူစတန် ဇန်နဝါရီ ၁၀

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဟူစတန်မြို့တွင် ဇန်နဝါရီ ၁၀ ရက် နံနက်က လေဆင်နှာမောင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် အိမ်များပျက်စီးမှုနှင့် ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ကြောင်း အမေရိကန်အမျိုးသားမိုးလေဝသဌာနမှ အရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ)**

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အိမ်နှင့်ကားများပျက်စီးပြီး လမ်းများပေါ်တွင် ရေများဖုံးလွှမ်းလျက်ရှိသည်။ ထို့ကြောင့် မော်တော်ယာဉ်များ ရေနစ်မြုပ်လျက်ရှိပြီး ကားမောင်းနှင်သွားလာမှု ပြတ်တောက်လျက်ရှိသည်။ ထို့အတူ တက္ကဆက်ပြည်နယ် အနောက်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုများကြုံတွေ့ရနိုင်ကြောင်း သတိပေးချက်များ ထုတ်ပြန်ထားသည်။ ဟူစတန်မြို့တွင်ရှိသော ရှော့ပင်းမောလ်များတွင် လေဆင်နှာမောင်းကြောင့် အဆောက်အအုံအချို့ ပျက်စီးမှုဖြစ်ပေါ်ခဲ့ပြီး စာသင်ကျောင်းအချို့လည်း ပိတ်ထားခဲ့ရကြောင်း ယင်းသတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

အီရတ်စစ်ဘေးဒုက္ခသည်အများစု ပြန်လည်နေရာချထားမှုမပြုနိုင်သေး

ဘဂ္ဂဒက် ဇန်နဝါရီ ၁၀

အမေရိကန်ဦးဆောင်သည့် နိုင်ငံခြားတပ်ဖွဲ့ဝင်များ ၂၀၀၃ခုနှစ်တွင် အီရတ်နိုင်ငံကို ကျူးကျော်ဝင်ရောက်ပြီးနောက် အိုးအိမ် စွန့်ခွာသွားကြရသည့် သန်းနှင့်ချီ၍ရှိသော အီရတ်ပြည်သူများကို ယခုတိုင် ပြန်လည်နေရာချထားနိုင်ခြင်း မရှိသေးကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(ယူအင်န်အိတ်ချ်စီအာရ်)၏ ခန့်မှန်းချက်တွင် ဖော်ပြပါရှိသည်။ **(ဝဲပုံ)**

အိုးအိမ် စွန့်ခွာထွက်ပြေးရသူပေါင်း ၄ ဒသမ ၇ သန်းအထိရှိပြီး အများစုမှာ လူသားချင်း စာနာထောက်ထားရေး စောင့်ရှောက်မှု အထူးလိုအပ်လျက်ရှိကြောင်း ယူအင်န်အိတ်ချ်စီအာရ်က ကြေညာသည်။

၄င်းတို့အနက် အီရတ်ပြည်သူ နှစ်သန်းကျော်မှာ အိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးကြပြီး ပြည်သူ ၂ ဒသမ ၇ သန်းကျော်မှာ ပြည်တွင်း၌ပင် ရွှေ့ပြောင်းနေထိုင်ကြရသည်။

ကြိုးပမ်းလျက်ရှိ

ထိုအတောအတွင်း နေရပ်ပြန်လာပြီး ပြန်လည်နေရာချထားခံရရန် ကြိုးပမ်းနေသည့် ထောင်ပေါင်းများစွာသော အီရတ်ဒုက္ခသည်များအတွက် သင့်လျော်သည့် အခြေခံအဆောက်အအုံစီစဉ်ပေးရန် အီရတ်အာဏာပိုင်များက ကြိုးပမ်းလျက်ရှိသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

ရွက်လှေဖြင့်အမြန်ဆုံး ကမ္ဘာတစ်ပတ်ရွက်လွှင့်သူ ဗြိတိန်နိုင်ငံသား ဘရန်သွမ်ပဆင်ဖြစ်လာ

လန်ဒန် ဇန်နဝါရီ ၁၀

ဗြိတိန်နိုင်ငံသား ဘရန်သွမ်ပဆင်သည် ရွက်လှေတစ်စင်းဖြင့် ကမ္ဘာကို ရက်ပေါင်း ၄၅ ရက် ၁၃ နာရီ ၄၂ မိနစ် ၅၃ စက္ကန့်ဖြင့် အမြန်ဆုံးရွက်လွှင့် လှည့်လည်နိုင်သူအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပြီဖြစ်ကြောင်း ဇန်နဝါရီ ၁၀ ရက်၌ သတင်းထုတ်ပြန်သည်။

အသက် ၄၉ နှစ်အရွယ်ရှိ ဘရန်သွမ်ပဆင် **(ယာပုံ)**သည် ပြင်သစ်နိုင်ငံ အနောက်ပိုင်း ဘရက်မြို့ဆိပ်ကမ်းမှ ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၃ ရက်က စတင်ရွက်လွှင့်ထွက်ခွာခဲ့ရာ ပြင်သစ်နိုင်ငံ အော့ဆန့်ကျွန်းရေပြင်၊ အင်္ဂလန်နိုင်ငံ ကမ်းလွန်နှင့် ဂွတ်ဟုတ်အငူ၊ ပစိဖိတ်သမုဒ္ဒရာနှင့် မြောက်အတ္တလန္တိတ်ရေပြင်တို့ကို ဖြတ်သန်းရွက်လွှင့်ခဲ့ခြင်းဖြစ်သည်။

ဘရန်သွမ်ပဆင်သည် ရွက်လွှင့်ခရီးစဉ်အဆုံးဖြစ်သည့် ပြင်သစ်နိုင်ငံ အနောက်ပိုင်း ဘရက်မြို့ဆိပ်ကမ်းသို့ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၇ ရက် ည ၁၀ နာရီ ၁၄ မိနစ်တွင်ပြန်လည်ဆိုက်ရောက်ခဲ့ခြင်းဖြစ်သည်။

၄င်းသည်ယခင်က ကမ္ဘာတစ်ပတ်ရေကြောင်းခရီးစဉ်ကို ရွက်လှေဖြင့် အမြန်ဆုံးရွက်လွှင့်ခဲ့သည့် ဂျူလက်စ်ဗာနေတရိုဖီ၏ ၄၈ ရက် ၇ နာရီ ၄၄ မိနစ် ၅၂ စက္ကန့် စံချိန်ကို ချိုးဖျက်နိုင်ခဲ့သည်။ ဘရန်သွမ်ပဆင်သည် ဗြိတိန်နိုင်ငံ ဆောက်သမ်ပတန်မြို့တွင် နေထိုင်သူဖြစ်ပြီး ပင်လယ်ရေကြောင်းခရီးစဉ်အဖြစ် ကမ္ဘာတစ်ပတ် မိုင်ပေါင်း ၁၀၀၀၀၀ ကျော်ကို အမြန်ဆုံး ရွက်လွှင့်နိုင်သူ ဖြစ်လာခဲ့ပြီဖြစ်သည်။ **(အင်တာနက်)**

ရုရှားစစ်ဘက်က တိုက်လေယာဉ်သစ် စမ်းသပ်ပျံသန်း

မော်စကို ဇန်နဝါရီ ၁၀

ရုရှားစစ်ဘက်က ဆူ-၂၅ ယူဘီအမ်တိုက်လေယာဉ်အသစ်ကို ဇန်နဝါရီ ၁၀ ရက်က အောင်မြင်စွာ စမ်းသပ်ပျံသန်းနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

ပြောကြား

အဆိုပါ တိုက်လေယာဉ်သစ်သည် ယခင်တိုက်လေယာဉ် ဆူ-၂၅ ယူဘီ တိုက်လေယာဉ်အမျိုးအစားကို ပိုမိုကောင်းမွန်အောင် အဆင့်မြှင့်နည်းပညာများဖြင့် ထုတ်လုပ်ထားခြင်းဖြစ်သည်။ ယခုတိုက်လေယာဉ်သစ်သည် တိုက်ခိုက်ရေးနှင့် လေ့ကျင့်ရေးတို့အတွက် အသုံးပြု၍ရကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဗလာဒီမာဒရစ်က ပြောကြားသည်။

၎င်းတိုက်လေယာဉ်သစ်ကို ရုရှားနိုင်ငံ အက်ထရာခန်ဒေသ တောင်ပိုင်းဝေဟင်၌ စမ်းသပ်ပျံသန်းခဲ့ခြင်းဖြစ်ပြီး တိုက်ခိုက်ရေးလက်နက်များတပ်ဆင်ကာ စမ်းသပ်မှု ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

ပျံသန်းနိုင်

ဆူ-၂၅ ယူဘီအမ် လေယာဉ်တွင် ရုရှားလုပ် ဂလိုနက်စ်ဂြိုဟ်တု ဆက်သွယ်ရေးစနစ်နှင့် ရေဒီယိုအချက်ပြစနစ်များ တပ်ဆင်ထားပြီး တစ်နာရီလျှင် ကီလိုမီတာ ၉၅၀ နှုန်း စတင်ပျံသန်းနိုင်ကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

သောင်တင်ကုန်သင်္ဘော ထက်ပိုင်းကျိုးမှုကြောင့် ရေထုညစ်ညမ်းမှု ထပ်ဖြစ်နိုင်

အော့ကလန် ဇန်နဝါရီ ၁၀

နယူးဇီလန်နိုင်ငံ ကမ်းလွန်ဒေသတွင် သောင်တင်နေသည့် နယူးဇီလန် ကုန်သင်္ဘောမှာ ရာသီဥတုဆိုးရွားကာ မုန်တိုင်းထန်လာသည့်အတွက် ထက်ပိုင်းကျိုးသွားရာ ပတ်ဝန်းကျင်ရေထုညစ်ညမ်းမှုနှင့် ပတ်သက်၍ ပိုမိုစိုးရိမ်စရာဖြစ်လာကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

အောက်တိုဘာလကတည်းက သောင်တင်နေသည့် အဆိုပါကုန်သင်္ဘောမှ နောက်ထပ်ရေနံများ ယိုဖိတ်လာမည့်အရေး တုံ့ပြန်ဆောင်ရွက်ရန် ရေနံရှင်းလင်းရေးအဖွဲ့များ ထိုဒေသသို့ စေလွှတ်လိုက်ပြီဖြစ်သည်။

သေဆုံးကြ

ပင်လယ်ထဲသို့ ရေနံ တန် ၃၈၀ ခန့် ယိုဖိတ်ပြီးဖြစ်သည်။ ယခုအခါ သင်္ဘောပေါ်တွင် ရေနံတန်ချိန် ၄၀၀ ခန့် နီးပါးရှိနေသေးသည်ဟု သိရသည်။ ယင်းရေနံယိုဖိတ်မှုမှာ နယူးဇီလန် ရေကြောင်းအတွင်း ရေထုညစ်ညမ်းမှုအဆိုးဆုံးဖြစ်ပြီး ယင်းကြောင့် ပင်လယ်ငှက် ၂၀၀၀၀ ကျော် သေဆုံးခဲ့ရသည်။ **(အင်တာနက်)**

မြန်မာ့အလင်း လူမှုစီးပွားသတင်း လူမှုစီးပွားသတင်း

မတ်လတွင် အသုံးပြုနိုင်တော့မည့် ဂျီအက်စ်အမ်သုံးသိန်းတန်ဖုန်းများ

ရန်ကုန် ဇန်နဝါရီ ၁၀

ငွေကျပ်သုံးသိန်းထက် မများသည့်နှုန်းထားဖြင့် တန်ဖိုးနည်းဂျီအက်စ်အမ် အသစ်များကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကကုမ္ပဏီများ ပူးပေါင်းအကောင်အထည်ဖော်၍ လာမည့် မတ်လမှစတင်ကာ One Stop Service စနစ်ဖြင့် စတင်ရောင်းချပေးသွားတော့မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လက်ထောက်အင်ဂျင်နီယာအဆင့်ရှိ အရာရှိတစ်ဦးက အတည်ပြုပြောကြားခဲ့သည်။

စတင်အကောင်အထည်ဖော်

"အခု မတ်လမှာ ပထမအရစ် စီမံကိန်းအနေနဲ့ အလုံးရေ ၄ သန်းစီမံကိန်းကို စတင်အကောင်အထည်ဖော်မှာဖြစ်ပါတယ်။ အဓိကကတော့ ရန်ကုန်၊ မန္တလေးနဲ့ နေပြည်တော်စတဲ့ မြို့ကြီးများအလိုက် အဆင့်ဆင့် ကျေးလက်ပါမကျန် ဝယ်ယူအသုံးပြုနိုင်အောင် အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ဖုန်းများသည် ယခင် ကျပ်ငါးသိန်းတန် ဂျီအက်စ်အမ်ဖုန်းများကဲ့သို့ပင် ဖုန်းခေါ်ဆိုမှုများမှာ တစ်မိနစ်လျှင် ကျပ် ၅၀ နှုန်းဖြစ်ကာ ဂဏန်းအားဖြင့် ကိုးလုံးပါဝင်ကြောင်း သိရသည်။ အဆိုပါဖုန်းများအား အကောင်အထည်ဖော်ရာ၌ မြန်မာ့ဆက်သွယ်ရေးနှင့်အတူ ပုဂ္ဂလိကကုမ္ပဏီပေါင်း ၁၃ ခုတို့မှ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဆိုပါဖုန်းများအတွင်း၌လည်း အင်တာနက်အသုံးပြုနိုင်ရေးအတွက် စီစဉ်ထားမည်ဖြစ်ကြောင်း တာဝန်ရှိသူက အတည်ပြုပြောကြားသည်။

မကြာသေးမီက မီဒီယာများအတွင်း ဖော်ပြထားခဲ့သည့် ပုဂ္ဂလိက ကုမ္ပဏီတစ်ခုမှ ရောင်းချမည့် ကျပ်ငါးထောင်တန် မိုဘိုင်းလ်ဖုန်းသုံးစွဲနိုင်မည့် အစီအစဉ်အကြောင်းနှင့် ပတ်သက်၍ မြန်မာ့ဆက်သွယ်ရေးအနေနှင့် ပူးပေါင်းလုပ်ကိုင်ထားခြင်း မရှိသည့်အတွက် သေချာစွာ မသိရှိကြောင်းနှင့် အမှန်တကယ်သာ အရည်အသွေးပြည့်မီသော အများပြည်သူများ လက်လှမ်းမီသုံးစွဲနိုင်သည့် ဆက်သွယ်ရေးစနစ်များဖြစ်ရန်သာ မိမိတို့မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက လုပ်ကိုင်လျက်ရှိကြောင်း ပြောကြားသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ မိုဘိုင်းလ်ဖုန်းလိုင်းပေါင်း လက်ရှိတွင် တစ်သန်းခွဲခန့် သုံးစွဲလျက်ရှိကာ စီဒီအမ်အေဖုန်းလိုင်းပေါင်း ကိုးသိန်းကျော်နှင့် ဂျီအက်စ်အမ်ဖုန်းလိုင်းပေါင်း ခြောက်သိန်းကျော်ပါဝင်သည်။

ထပ်မံချထားပေး

အခု ထပ်မံချထားပေးမည့် ဂျီအက်စ်အမ်အသစ်များကို စောင့်မျှော်နေကြသော ဖုန်းဝယ်လက်အသစ်များမှာ မကြာသေးမီက သတင်းဂျာနယ်များအတွင်း ပါဝင်လာသည့် ကျပ်ငါးထောင်တန်ဖုန်း ဝန်ဆောင်မှုသတင်းများကြောင့် မည်သည့်ဖုန်းအသစ်အား စောင့်ရမည်ကို အမြန်ဆုံးသိချင်နေကြကြောင်း မြန်မာ့အလင်းမှတစ်ဆင့် ဖော်ပြလိုက်ရပါသည်။ ။ **(၁၅၀)**

နိုင်ငံတကာ ကျန်းမာရေးသိပ္ပံ

ဇော်ဦးခိုင် - ဘာသာပြန်သည်

ဗီတာမင်ဒီ လျော့နည်းနိမ့်ကျနေမှုနှင့် စိတ်ဓာတ်ကျဆင်းမှုတို့ ဆက်စပ်လျက်ရှိ

တက္ကဆက် ဇန်နဝါရီ ၁၀

စိတ်ဓာတ်ကျဆင်းမှုနှင့် ဗီတာမင်ဒီ လျော့နည်းနိမ့်ကျမှုသည် ဆက်စပ်လျက်ရှိသည်ဟု သိပ္ပံပညာရှင်များက သုတေသနပြု တွေ့ရှိသည်။

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် အနောက်တောင်ပိုင်းတက္ကသိုလ်မှ ဆေးပညာဗဟိုဌာနနှင့် ဒဲလ်လက်စ်မြို့ရှိ ကူးပါး သက်မွေးသိပ္ပံမှ ပညာရှင်ပူးတွဲအဖွဲ့သည် အဆိုပါ စိတ်ဓာတ် ကျဆင်းမှုနှင့် ဗီတာမင်ဒီ အဆင့်လျော့နည်းမှုတို့၏ ဆက်စပ်မှုကို သုတေသနပြုခဲ့ခြင်းဖြစ်သည်။

ထိုပညာရှင်ပူးတွဲအဖွဲ့၏ သုတေသနလုပ်ငန်းသည် ၂၀၀၆ ခုနှစ်နှောင်းပိုင်း အချိန်များတွင် စတင်ခဲ့ခြင်းဖြစ်သည်။ အသက်လေးနှစ်နှင့်အထက် ဆယ်ကျော်သက် ၁၂၆၀၀ခန့်ကို ဗီတာမင်ဒီ စမ်းသပ်မှုအရ နှိုင်းယှဉ်သုတေသနပြုခဲ့ခြင်းဖြစ်သည်။

ထိုသုတေသနပြုလုပ်ငန်းတွင် ပါဝင်သူများ၏ အတိတ်က စိတ်ဓာတ်ကျဆင်းမှုခံစားခဲ့ခြင်း ရှိ မရှိကို မှတ်သည်ပြီး အစုနှစ်စုခွဲကာ လတ်တလောဗီတာမင်ဒီချို့တဲ့ခြင်း ရှိ မရှိ စမ်းသပ်ခြင်းနှင့် စိတ်ဓာတ်ကျဆင်းမှု လက္ခဏာများ လတ်တလောဖြစ်ပေါ်ပြသမှုတို့ကို စမ်းသပ်စစ်ဆေးကာ သုတေသနပြုခဲ့ခြင်းဖြစ်သည်။

ဗီတာမင်ဒီ လျော့နည်းနေသူများ (အထူးသဖြင့် အတိတ်က စိတ်ဓာတ်ကျဆင်းမှုခံစားခဲ့ရသူများ)သည် ဗီတာမင်ဒီ အဆင့်သာမန်နှင့်မြင့်မားစွာရှိနေသူများမှာထက် စိတ်ဓာတ်ကျသည့် လက္ခဏာများ သိသာထင်ရှားစွာ ပိုမိုဖြစ်ပေါ်ပြသသည်ကို တွေ့ရှိရကြောင်း သုတေသနပညာရှင်အဖွဲ့က ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းသုတေသနပြု တွေ့ရှိချက်ကို Mayo Clinic မှတ်တမ်းများ နောက်ဆုံးထုတ်ဖြစ်မှုတွင် ဖော်ပြခဲ့ခြင်းဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဇန်နဝါရီ ၈ရက်က သတင်းပါရှိသည်။ **(အင်တာနက်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့
ကမ္ဘာ့နိုင်ငံအသီးသီးမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

ရန်ကုန် ဇန်နဝါရီ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့ထံသို့ ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ ကြသည်။

၇-၁-၂၀၁၂ မှအဆက်

ဘရူနိုင်းဒါရုဆလင်နိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဘရူနိုင်းဒါရုဆလင်နိုင်ငံ ဘုရင်ဆူလ်တန်ဟာဂျီဟာဆာနယ်ဘိုလ်ကီးယားက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် နွေးထွေးသောဆက်ဆံရေးများ တိုးတက်ဖြစ်ထွန်းလျက်ရှိပါကြောင်း၊ နှစ်နိုင်ငံပြည်သူများ အကျိုးဖြစ်ထွန်းမှုများ ရရှိစေရေးအတွက် အနာဂတ်ကာလတွင် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးများ တိုးချဲ့ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော် ကျန်းမာချမ်းသာစေရန်နှင့် မြန်မာပြည်သူ ပြည်သားများ သာယာဝပြောစေရန် ဆုမွန်ကောင်းများတောင်းပါကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ ဘရူနိုင်းဒါရုဆလင်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး မင်းသားဟာဂျီမိုဟာမက်ဘိုလ်ကီးယားက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အာဆစ်ဖ်အလီဇာဒါရီထံမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ဆုမွန်ကောင်းများ တောင်းပါကြောင်း၊ ပါကစ္စတန်နှင့် မြန်မာနိုင်ငံသည် နီးနီးကပ်ကပ် ချစ်ကြည်ရင်းနှီးမှုရှိသည့် မိတ်ဆွေနိုင်ငံများဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား အနာဂတ်ကာလတွင် နယ်ပယ်စုံအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော် ကျန်းမာ ချမ်းသာစေရန် ဆုမွန်ကောင်းများတောင်းပါကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ယူဆွတ်ရာဇာဂီလာနီကလည်း ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

နီပေါနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ နီပေါနိုင်ငံ သမ္မတ ဒေါက်တာရမ်ဘာရန်ရ်ယာဒါ့ဗ်ထံမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သပါကြောင်း၊ အဆွေတော်နှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများ ကျန်းမာချမ်းသာကြစေရန် နယ်ပယ်စုံတွင် တိုးတက်ဖြစ်ထွန်းမှုများရရှိစေရန် ဆုမွန်ကောင်းများတောင်းပါကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ နီပေါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘာဘူရမ်ဘက်တာရိုင်ထံမှလည်း ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်းယူဒိုရိုနိုက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အင်ဒိုနီးရှားအစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သပါကြောင်း၊ အင်ဒိုနီးရှားနှင့် မြန်မာနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လျက်ရှိပါကြောင်း၊ အနာဂတ်ကာလတွင်လည်း အကျိုးဖြစ်ထွန်းစေမှုများကို တိုးချဲ့လုပ်ကိုင်သွားမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများ အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်ကျန်းမာချမ်းသာစေရန်နှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများ ကျန်းမာရွှင်လန်းကြစေရန် ဆုမွန်ကောင်းများတောင်းပါကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး ဒေါက်တာအာအမ်မာတီအမ်နာတာလီဂါဝါကလည်း ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

လှူဒါန်း

ဇန်နဝါရီ ၁၀ ရက်က ခေမာသီရိရပ်ကွက် မြစ်ကြီးနားမြို့နေ ဦးကျော်ကျော်-ဒေါ်ကြည်ကြည်မေ၊ သား ဒေါက်တာကျော်စိုးလှိုင် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် မတည်အလှူငွေကျပ် ၁၀ သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသိန်းထွန်း လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

၂၀၁၁ ခုနှစ် ဖီဖာ၏အကောင်းဆုံးဆုများ
ဂွါဒီယိုလာ၊ ဖာဂူဆန်၊ ဆာဆာကီ၊ မက်ဆီ၊ ဆာဝါနှင့် နေမာတို့ရရှိ

ဇူးရစ် ဇန်နဝါရီ ၁၀

နယူးဇီလန်နိုင်ငံ ဇူးရစ်မြို့၌ ဇန်နဝါရီ ၉ ရက်က ကျင်းပသည့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ ၂၀၁၁ ခုနှစ် အကောင်းဆုံးဆုများရွေးချယ်ချီးမြှင့်သည့် အခမ်းအနားတွင် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို ဘာစီလိုနာနှင့် အာဂျင်တီးနား တိုက်စစ်မှူး မက်ဆီက ဆွတ်ခူးရရှိသွားသည်။

အသက် ၂၄ နှစ်အရွယ်ရှိ မက်ဆီသည် ဆန္ဒမဲ ၄၇ ဒသမ ၈၈ ရာခိုင်နှုန်းရရှိပြီး စီရိုနယ်ဒိုက ၂၆ ဒသမ ၆ ရာခိုင်နှုန်းနှင့် ဇာဗီက ၉ ဒသမ ၂၃ ရာခိုင်နှုန်း ရရှိခဲ့သည်။ မက်ဆီသည် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို သုံးကြိမ်မြောက် ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ ဖီဖာ၏ ၂၀၁၁ ခုနှစ် ကမ္ဘာ့အကောင်းဆုံးနည်းပြအဖြစ် ဘာစီလိုနာအသင်းနည်းပြ ဂွါဒီယိုလာက ရရှိခဲ့သည်။ အသက် ၄၀ အရွယ်ရှိ ဂွါဒီယိုလာသည် ဘာစီလိုနာအသင်းကို ၂၀၁၁ ခုနှစ်အတွင်း ချန်ပီယံလိဂ်ဖလား၊ ဖီဖာကမ္ဘာ့ကလပ်ဖလား၊ စပိန်လာလီဂါဖလားအပါအဝင် ဖလားငါးလုံးရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။ တစ်ဖန် ဖီဖာ၏ ၂၀၁၁ ခုနှစ် တစ်နှစ်တာအမျိုးသားဘောလုံးအသင်း စွမ်းဆောင်မှုအကောင်းဆုံးနည်းပြဆုကို မန်ယူနည်းပြ ဖာဂူဆန်က ဆွတ်ခူးရရှိခဲ့သည်။ တစ်နှစ်တာအမျိုးသမီး ဘောလုံးအသင်းစွမ်းဆောင်မှုအကောင်းဆုံးနည်းပြဆုကို ဂျပန်အမျိုးသမီးဘောလုံးအသင်းနည်းပြ နိုရီယိုဆာဆာကီက ရရှိခဲ့သည်။

ဖီဖာ၏ ၂၀၁၁ ခုနှစ် အကောင်းဆုံးအမျိုးသမီးဘောလုံးသမားဆုကို ဂျပန်အမျိုးသမီးဘောလုံးအသင်းမှ ဆာဝါက ရရှိခဲ့သည်။ ဂျာမနီ၌ကျင်းပသည့် ၂၀၁၁ ခုနှစ် ဖီဖာအမျိုးသမီးကမ္ဘာ့ဖလားဆုရရှိခဲ့သည့် ဂျပန်အမျိုးသမီးဘောလုံးအသင်း၌ ဆာဝါက ငါးဂိုးသွင်းယူနိုင်ခဲ့သဖြင့် ရွှေဖိနပ်ဆုရရှိခဲ့သူလည်း ဖြစ်သည်။

ဖီဖာ၏ တစ်နှစ်တာအလှပဆုံးဂိုးသွင်းဆုဖြစ်သည့် FIFA Puskas Award ကို ကမ္ဘာ့ဘောလုံး ပရိသတ်တစ်သန်းခွဲကျော်မှ ရွေးချယ်ပေးခဲ့ရာ ဘရာဇီးနှင့် ဆန်တို့စ် တိုက်စစ်မှူး နေမာကရရှိခဲ့သည်။ တိုက်စစ်မှူး နေမာသည် ၂၀၁၁ ခုနှစ် ဇူလိုင် ၂၇ ရက်က ဆော်ပေါလိုမြို့၌ ကစားခဲ့သည့် ဆန်တို့စ်နှင့် ဖလာမင်ဂိုအသင်းတို့ပွဲတွင် သွင်းယူခဲ့သောဂိုးကြောင့် ရရှိခဲ့ခြင်းဖြစ်သည်။

ထို့အတူ ၂၀၁၁ ခုနှစ် FIFA/FIFPro WORLD XI အကောင်းဆုံးဘောလုံးအသင်းကစားသမားများအဖြစ် **ဂိုး**-ကာစီးလက်စ်၊ နောက်တန်း-အယ်လ်ဗက်စ်၊ ပီကေး၊ ရာမို့စ်၊ ဗီဒစ်၊ **အလယ်တန်း**-အလွန်ဆို၊ အင်နီယေစတာ၊ ဇာဗီ၊ **ရှေ့တန်း-** စီရိုနယ်ဒို၊ မက်ဆီနှင့် ရွန်နေတို့ကို ရွေးချယ်ခဲ့သည်။

(အင်တာနက်)

မောင်မောင်မြင့်ဆွေ ➤ စုစည်းသည်

အက်ဖ်အေဖလား တတိယအဆင့် လက်ကျန်ပွဲ
အွန်နရီ သွင်းဂိုးဖြင့် အာဆင်နယ်နိုင်ပွဲရ

လန်ဒန် ဇန်နဝါရီ ၁၀

အက်ဖ်အေဖလား တတိယအဆင့် လက်ကျန်ပွဲအဖြစ် အာဆင်နယ်နှင့် လိဒ်ယူနိုက်တက်အသင်းတို့ ဇန်နဝါရီ ၁၀ ရက် နံနက်က ယှဉ်ပြိုင်ကစားကြရာ တစ်ကျော့ပြန် အာဆင်နယ်တိုက်စစ်မှူး အွန်နရီ၏ သွင်းဂိုးဖြင့် အာဆင်နယ်တို့ နိုင်ပွဲရရှိခဲ့သည်။

ပြန်လည်ကစား

အသက် ၃၄ နှစ်အရွယ်ရှိ အာဆင်နယ်တိုက်စစ်မှူးဟောင်း အွန်နရီသည် ၂၀၀၇ ခုနှစ်က ဘာစီလိုနာအသင်းသို့ ထွက်ခွာသွားပြီးနောက်ပိုင်း အမေရိကန် နယူးယောက်ရက်ဒ်ဘူးလ်အသင်းသို့ ရောက်ရှိပြီး ယခုအခါ နှစ်လအငှားစာချုပ်ဖြင့် အာဆင်နယ်အသင်း၌ ပြန်လည်ကစားနေခြင်းဖြစ်သည်။

နိုင်ပွဲရရှိ

အာဆင်နယ်အတွက် ၎င်းဂိုးကို ပွဲချိန် ၇၈ မိနစ်တွင် အလက်ဆောင်း ဖြတ်ပေးလိုက်သည့် ဘောလုံးကို အွန်နရီက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ နှစ်သင်းစလုံးပွဲချိန်ပြည့်သည်အထိ ဂိုးမသွင်းနိုင်သဖြင့် အာဆင်နယ်က တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ အွန်နရီ၏ ယခုဂိုးသည် အာဆင်နယ်အသင်းအတွက် ၎င်း၏ ၂၂၇ ဂိုးမြောက် သွင်းဂိုးလည်းဖြစ်သည်။

(အင်တာနက်)

အက်ဖ်အေဖလား တတိယအဆင့် လက်ကျန်ပွဲအဖြစ် အာဆင်နယ်နှင့် လိဒ်ယူနိုက်တက်အသင်းတို့ပွဲတွင် အာဆင်နယ်တိုက်စစ်မှူး အွန်နရီက ဤသို့ ဂိုးသွင်းယူခဲ့သည်။

11-1 (05).pmd 1 1/11/2012, 3:14 AM

ကြည့်ရှုလေ့လာ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် ထိုင်းနိုင်ငံ လောဘူရီပြည်နယ်ရှိ Special Warfare Command မှ အလွတ်လေထီးခုန်အဖွဲ့ သရုပ်ပြသမှုကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ထိုင်းနိုင်ငံ လောဘူရီပြည်နယ်ရှိ Special Warfare Command သို့ သွားရောက်လေ့လာ

နေပြည်တော် ဇန်နဝါရီ ၁၀

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၉ ရက် မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံ လောဘူရီပြည်နယ်ရှိ Special Warfare Command သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် ဦးဆောင်သော အဖွဲ့ဝင်များသည် ထိုင်းဘုရင့်တပ်မတော် ထောက်လှမ်းရေးမှူးချုပ် Lt. Gen. Attanop Sirisak လိုက်ပါလျက် ထိုင်းဘုရင့်ကြည်းတပ် ရဟတ်ယာဉ်များဖြင့် လောဘူရီပြည်နယ်ရှိ Special Warfare Command သို့ ရောက်ရှိကြရာ သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်အား Special Warfare Command မှ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ဂုဏ်ပြုကြိုဆိုသည်။ ထို့နောက် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် Special Warfare Command (RAMA-V) ၌ အထိမ်းအမှတ် ပန်းခွေချသည်။

ဆက်လက်၍ Special Warfare Command ရှိ ရှင်းလင်းခန်းမ၌ သင်တန်းကျောင်း ကျောင်းအုပ်ကြီးက သင်တန်းများ သင်ကြားနေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် Special Warfare Command မှ အလွတ်လေထီးခုန်အဖွဲ့သရုပ်ပြသမှုနှင့် တပ်ဖွဲ့ဆိုင်ရာများ လှည့်လည်ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းအား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူးနှင့် အမေရိကန်နိုင်ငံ လူကုန်ကူးမှု စောင့်ကြည့်တိုက်ဖျက်ရေးရုံးမှ သံအမတ်ကြီးတို့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၀

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းအား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး သံအမတ်ကြီး Mr.Derek Mitchell နှင့် အမေရိကန်နိုင်ငံ လူကုန်ကူးမှု စောင့်ကြည့်တိုက်ဖျက်ရေးရုံးမှ သံအမတ်ကြီး Mr. Luis Cde Baca တို့သည် ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်သော် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းအား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး သံအမတ်ကြီး Mr.Derek Mitchell နှင့် အမေရိကန်နိုင်ငံ လူကုန်ကူးမှု စောင့်ကြည့်တိုက်ဖျက်ရေးရုံးမှ သံအမတ်ကြီး Mr. Luis Cde Baca တို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် သုံးခွမြို့ မဟာအတုလဝေယံ သာသနာ့ဗိမာန်တော်ကြီးစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၀

သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်သည် ဇန်နဝါရီ ၉ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့စစ်ကုန်းကျောင်းတိုက်သို့ရောက်ရှိပြီး ပဓာနနာယကဆရာတော် ဘဒ္ဒန္တကောဝိဒနှင့် မြို့နယ် သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘူတာရုံကျောင်းဆရာတော် ဘဒ္ဒန္တကုမုဒတို့အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ စစ်ကုန်းကျောင်းတိုက်၌ ဖွင့်လှစ်ထားသည့် ကျန်းမာသုခအခမဲ့ဆေးခန်းအတွက် ဆေးခန်းသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

တည်ဆောက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သုံးခွမြို့၌တည်ဆောက်လျက်ရှိသည့် မဟာအတုလဝေယံ သာသနာ့ဗိမာန်တော်ကြီး မင်္ဂလာကမ္ပည်းမော်ကွန်းကျောက်စာတိုင် တည်ဆောက်ပြီးစီးမှု၊ မြက်ခင်းနှင့် မြေယာရှုခင်းအလှ ဆောင်ရွက်ထားရှိမှု၊ ပုဂံခေတ်လက်ရာ ပုံစံ ပန်းအိုးပြုလုပ်ပြီးစီးမှု၊ မျက်နှာကြက်မီးဆိုင်းများ တပ်ဆင်ပြီးစီးမှု၊ မဟာဗုဒ္ဓဝင်ရုပ်စုံပုံများ တပ်ဆင်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ မဟာအတုလဝေယံသာသနာ့ဗိမာန်တော်ကြီးတည်ဆောက်မှုမှာ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက် ၁၀ နာရီတွင် သုံးခွမြို့နယ် ရန်ကြီးအောင်ကျေးရွာသို့ သွားရောက်၍ မင်္ဂလာဇေယျာသီရိကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဉာဏိန္ဒအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် Optical Vision Co., Ltd. မှ မျက်မှန်ကျွမ်းကျင်သူများက ဒေသခံပြည်သူများအား မျက်စိစမ်းသပ်စစ်ဆေးနေမှုကို ကြည့်ရှုအားပေးပြီး မျက်မှန်များ အခမဲ့တပ်ဆင်ပေးသည်။

ဆက်လက်၍ ရန်ကြီးအောင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ သုံးခွမြို့နယ်ရှိ မင်းရွာအသင်း၊ ဘိသိပ်၊ မဟာမိတ်၊ ရန်ကြီးအောင်၊ သာသာမြိုင်နှင့် သြဘာညွန့်ကျေးရွာများမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ **(အပေါ်ဝဲပုံ)** ဉာဏ်တော် ၅ လက်မစီရှိ ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော် အဆူ ၄၀၀ ကို ဓမ္မလက်ဆောင်အဖြစ် ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဆင်းရဲမှုလျှော့ချရေးအတွက် ငွေကြေးဝန်ဆောင်မှုများ ဖြည့်ဆည်းပေးရေး၊ မျက်စိအားနည်းသူများအား မျက်မှန်များ အခမဲ့စမ်းသပ်တပ်ဆင်ပေးရေးနှင့် မျက်စိခွဲစိတ်ကုသရန် လိုအပ်သူများအား ခွဲစိတ်ကုသနိုင်ရေးတို့ကို မှာကြားပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**

○ *ကျောဖုံးမှ*

ထိုင်းဘုရင့် လေတပ်ဒုတိယဦးစီးချုပ် Air Chief Marshal Srichown တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထို့အပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn က ည ၇ နာရီတွင် ဗန်ကောက်မြို့ Dusit Thani ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

လှိုင်မြို့နယ် ပညာရေးစုံညီပွဲတော်နှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် မြို့နယ်အဆင့် ဘက်စုံထူးချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၇ ရက်က အထက (၁)လှိုင်တွင်ကျင်းပရာ အထက်တန်းကျောင်း ထူးချွန်ဆုရရှိသော အထက(၂)လှိုင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဦးကြည်အား မြို့နယ်ပညာရေးမှူး ဦးထန်ရှင်းမုန်က ဆုချီးမြှင့်စဉ်။ (၁၂၂)

11-1 (06).pmd 1 1/11/2012, 3:14 AM

နိုင်ငံအကျိုး၊ ပြည်သူများ၏အကျိုးကို အမြဲထာဝစဉ် သယ်ပိုး မိမိမှစ၍ အောက်ခြေဝန်ထမ်းများအထိ အစဉ်နှလုံးသွင်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်နှင့်သီလဝါတို့တွင် ဆိပ်ခံတံတား ၁၇ စင်းရှိပြီး သင်္ဘောကြီး ၁၇ စင်း ဆိုက်ကပ်၍ ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ဝန်ထမ်းအင်အား ၃၅၀၈ ဦးဖြင့် လုပ်ငန်းများအဆင်ပြေချောမွေ့ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလကုန်အထိ မြန်မာငွေကျပ် ၂၃၁၅ သန်းနှင့် နိုင်ငံခြားဝင်ငွေအမေရိကန်ဒေါ်လာ ၂၈ သန်းကျော် ရရှိအောင် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း သိရှိရသည်။

အထူးဂရုပြု

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်သည် ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သိမ်ဖြူသင်္ဘောကျင်းသို့ ရောက်ရှိပြီး တာဝန်ရှိသူများအား တွေ့ဆုံ၍ ဆွေးနွေးမှာကြားရာတွင် ဝန်ကြီးဌာနအောက်ရှိ စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် လာမည့်ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံတော်မှ ဘဏ္ဍာငွေ ထုတ်ယူသုံးစွဲခြင်းမပြုဘဲ မိမိဝင်ငွေအပေါ်ရပ်တည်ပြီး နိုင်ငံအကျိုးရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ဦးစီးဌာနနှင့် စီးပွားရေးအဖွဲ့အစည်း၊ တက္ကသိုလ်၊ ကောလိပ်များအားလုံး စုပေါင်း၍ မိမိဝန်ကြီးဌာန၏ ဝင်ငွေအပေါ်တွင် မူတည်သုံးစွဲပြီး လုပ်ငန်းများရင်းနှီးမြှုပ်နှံ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့လုပ်ငန်းဆောင်ရွက်ရာမှ ရရှိလာသောအမြတ်ငွေများကို နိုင်ငံတော်သို့ အပ်နှံနိုင်ရေး ဝန်ထမ်းအားလုံးက ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ မီးဘေးလုံခြုံရေး စသည်တို့ကို အထူးဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံအကျိုး၊ ပြည်သူများ၏ အကျိုးကို အမြဲထာဝစဉ် သယ်ပိုးနိုင်သောဝန်ကြီးဌာနဖြစ်အောင် မိမိမှစ၍ အောက်ခြေဝန်ထမ်းများအထိ အစဉ်နှလုံးသွင်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် သိမ်ဖြူသင်္ဘောကျင်း၌ တည်ဆောက်ပြုပြင်လျက်ရှိသော ရေယာဉ်များကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

အမြဲမပြတ်လေ့ကျင့်

ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အစည်းအဝေးခန်းမ၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရေကြောင်းပြမှူးကြီးများနှင့် တွေ့ဆုံ၍ မိမိတို့ဝန်ကြီးဌာနက တာဝန်ယူထားသော လေကြောင်းနှင့် ရေကြောင်း ပို့ဆောင်ရေးကဏ္ဍတွင် လေယာဉ်များကို ကိုင်တွယ်မောင်းနှင်သော လေယာဉ်မှူးကြီးများနှင့် သင်္ဘောကြီးများကို ဆိပ်ကမ်းများသို့ ဘေးအန္တရာယ်ကင်းရှင်းစွာ ဝင်ရောက်ဆိုက်ကပ်နိုင်ရေးအတွက် တာဝန်ယူ ကိုင်တွယ်မောင်းနှင်ပေးရသော ရေကြောင်းပြမှူးကြီးများ (PILOT)သည် ပို့ဆောင်ရေးဝန်ကြီးဌာနအတွက် အလွန်အရေးပါသောတာဝန်ကို ထမ်းဆောင်နေကြသည့် ပုဂ္ဂိုလ်များဖြစ်ကြောင်း၊ ဝန်ကြီးဌာနလုပ်ငန်းများ အန္တရာယ်ကင်းရှင်းရေးအတွက် အဓိကနေရာတွင် တာဝန်ယူထားသူများဖြစ်ကြ၍ မိမိတို့၏လုပ်ငန်းအရည်အသွေး၊ အရည်အချင်းများ တိုးတက်နေစေရေးအတွက် အမြဲမပြတ်လေ့ကျင့်နေကြရမည်ဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ် (IMO) က ထုတ်ပြန်ထားသော Rules and Regulations များကို ကျွမ်းကျင်ပိုင်နိုင်စွာ လေ့လာမှတ်သားထားကြရန်လိုကြောင်း၊ ဖွံ့ဖြိုးတိုးတက်လာမည့် ဆိပ်ကမ်းလုပ်ငန်းများတွင် ပိုမိုဆိုက်ကပ်လာမည့် သင်္ဘောကြီးများအား အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်ဆိုက်ကပ်ပေးနိုင်ရေးအတွက် ရေလမ်းကြောင်းအခြေအနေ၊ ရေစီးရေလာနှင့် ရေယာဉ်များ၏ အမူအကျင့်များကို အမြဲမပြတ် လေ့လာမှတ်သားပြီး နိုင်ငံတော်နှင့် မိမိဝန်ကြီးဌာန၏ ဂုဏ်သိက္ခာ ပိုမိုမြှင့်တင်နိုင်ရေးအတွက် ဝန်ထမ်းအားလုံး ဝိုင်းဝန်းကြိုးပမ်းထမ်းဆောင်ကြရန် လိုအပ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သိမ်ဖြူသင်္ဘောကျင်းကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့်အဖွဲ့ ပါကစ္စတန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

နေပြည်တော် ဇန်နဝါရီ ၁၀

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပါကစ္စတန်လေတပ်ဦးစီးချုပ် Air Chief Marshal Rao Qamar Suleman ၏ ဖိတ်ကြားချက်အရ ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ပါကစ္စတန်နိုင်ငံသို့ လေကြောင်းခရီးဖြင့်ထွက်ခွာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦး၊ ရေဝတီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးနှင့် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် တပ်မတော်အရာရှိကြီးများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်စစ်သံမှူး Colonel. Muhammad Tariq Farid Khan တို့ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပါကစ္စတန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာသွားသော ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့်အဖွဲ့အား တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။
(သတင်းစဉ်)

မီးဘေးသင့်ဘုန်းတော်ကြီးကျောင်းနှင့် ပြည်သူများအတွက် ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် မီးလောင်မှုကြောင့် ပြိုကျပျက်စီးသွားသော ခေမာသီဝံဘုန်းတော်ကြီးကျောင်း ပြန်လည်ဆောက်လုပ်ရန် သာသနာရေးဝန်ကြီးဌာနက ငွေကျပ် ၂၅ သိန်းနှင့် သွပ်အချပ် ၂၀၀(**အပေါ်ပုံ**)၊ မီးဘေးသင့် ပြည်သူများနှင့် မီးလောင်ပေါက်ကွဲမှုကြောင့် ဆေးရုံတက်ရောက်ကုသမှု ခံယူနေသော လူနာများအတွက် မြန်မာနိုင်ငံ ကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်းက ငွေကျပ် ၁၁ သိန်း၊ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းက သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်ခဲ့သော မီးသတ်တပ်ဖွဲ့ဝင်ငါးဦးအတွက် ငွေကျပ်ငါးသိန်းနှင့် ဆေးရုံတက်ရောက်ကုသနေသော လူနာများအတွက် ငွေကျပ်ငါးသိန်းတို့ကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီဝင် ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးအောင်ခင်ထံ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၈ ရက်က ဗဟန်းမြို့နယ် မြို့မရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မူခင်းကျဆင်းရေး ဟောပြောပွဲကျင်းပရာ ဗဟန်းရဲတပ်ဖွဲ့စခန်း စခန်းမှူးရဲအုပ်နေမျိုး ဟောပြောဆွေးနွေးစဉ်။ (မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၁-၂၀၁၂(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၄၀ **ဒုက္ခကိုသိအောင်လုပ်** တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာအရှင်ကိတ္တိသာရ)
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၈၃)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၃၆)
- ၈:၄၅ Four FLAVOURS Show (Part-2)
- ၉:၃၀ ရန်ကုန်မြင်ကွင်းကျယ် (Daong Gi Meo Ri) ကျန်းမာရေးအလှကုန်ပစ္စည်း မိတ်ဆက်ပွဲ
- ၉:၄၀ တွဲဖက် အ·ထ·က တော်လတ်၏ မြတ်ဆရာပူဇော်ပွဲ
- ၉:၅၅ Activities in the City (Aythaya Wine Fest)
- ၁၀:၁၀ သဘာဝကျလှပစေတဲ့ C'CARE
- ၁၀:၂၅ ခါတ်ပုံထဲမှ အမှတ်တရများ (သန္တာလှိုင်)
- ၁၀:၅၀ စိတ်အေးချမ်းသာ··· ပြုံးပျော်စေဖို့ရာ···SMILE FIRE EXTINGUISHER
- ၁၁:၀၅ Activities in the City (မြန်မာဘရူဝါရီလီမိတက် ကရုဏာရေးရှမြန်မာမှု အစီအစဉ်၏သွေးလှူဒါန်းပွဲ)
- ၁၁:၂၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၂၁)
- ၁၂:၀၀ အရဏ်ဦးမှအလှဆင်စရာ ခန်းဆီးလိုက်ကာများ
- ၁၂:၁၅ ရန်ကုန်မြင်ကွင်းကျယ် (Panasonic ကနေကျင်းပပြုလုပ်သည့် အရောင်းကိုယ်စားလှယ်ကြီးများ ဂုဏ်ပြုညစာစားပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား)
- ၁၂:၂၅ သင်ကြားရေးလမ်းညွှန် (Crown Education)
- ၁၂:၄၀ ကြည်ညိုထိုက်စွာမြတ်ဆရာ
- ၁:၀၀ **ဒုက္ခကိုသိအောင်လုပ်** တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာအရှင်ကိတ္တိသာရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ ရန်ကုန်မြင်ကွင်းကျယ် (Cocoon Silk Fashion)
- ၂:၃၅ ထူးချွန်သူများပေါ်ထွန်းခဲ့ရာ အ·ထ·က (၂)လသာ
- ၂:၅၀ Activities in the City (GINVERA ၏ Health & Beauty Fair)
- ၂:၅၅ New Fashion Designer Group) ရဲ့ပညာဒါနဖြန့်ဝေပေးမှု
- ၃:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၈၃)
- ၄:၀၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၃၆)
- ၄:၅၀ စပါးအထွက်တိုးခြင်းအစ ပျိုးပင်ကောင်းမှ
- ၅:၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်**(အပိုင်း-၂၁)
- ၆:၀၀ MRTV -4 သတင်း
- ၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၈၄)
- ၇:၁၀ Four FLAVOURS Show (Part-3)
- ၈:၀၀ MRTV -4 သတင်း
- ၈:၃၀ ရန်ကုန်မြင်ကွင်းကျယ် (Orchid Junction Hotel ဖွင့်ပွဲအခမ်းအနား)
- ၈:၄၀ Cartoon Show Time (SCOOBY DOO)
- ၉:၃၀ MRTV - 4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၃၇)
- ၁၀:၁၅ Celebrity Style (သဥ္ဇာနွယ်ဝင်း)
- ၁၀:၃၀ MRTV - 4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၂၂)
- ၁၁:၀၅ **အသံတိတ်အိပ်မက်ဆိုး** (မေသန်းနု၊ ချစ်သုဝေ၊ဂျင်နီ) ဒါရိုက်တာ-အောင်မိုး(ပဲရစ်)
- ၁၁:၄၀ နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (မလိခလမ်းက သဘာဝတရားတွေ လွှမ်းခြုံထားတဲ့အိမ်ကလေး)
- ၁၂:၁၀ World of Knowledge (Moving Ancient Egypt)
- ၁:၀၀ ဘဝအမောပြေပျော်ရွှင်ဖို့ သီချင်းလေးတွေဆိုကြစို့
- ၁:၁၅ ပဒ္မာကြာနွယ်ရိုးမှသည်
- ၁:၃၅ ကွမ်းစားခြင်းနှင့်ခံတွင်းအန္တရာယ် (ပါမောက္ခဦးမြသော်)
- ၁:၄၅ သဘာဝအလှရတနာသစ်ခွကမ္ဘာ
- ၁:၅၅ စက္ကူရွက်ဝေရှမ်းထီးသက်သေ
- ၂:၁၀ **Barclays Premier League Spurs Vs Everton**
- ၄:၁၀ လှုပ်ရှားမှုစုံစုံ မြန်မာ့သုခမဇာတ်ခုံ ဖိုးချစ် (အပိုင်း-၂)
- ၄:၄၀ ဇီးအိုရှာနှင့်သဘာဝအင်ကြင်းတော
- ၄:၅၀ မြစ်သားမြို့ကျက်သရေဆောင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး

အထက(၃) ကြည့်မြင်တိုင်၏ (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအတွက် ဇန်နဝါရီ ၃ ရက်က ကျောင်းသားဟောင်း ကိုအောင်နိုင်ဦးနှင့်အဖွဲ့က အလှူငွေကျပ် သုံးသိန်းပေးအပ်လှူဒါန်းရာ ပူဇော်ပွဲကော်မတီ နာယကများဖြစ်ကြသော ဦးစိုးဝင်း၊ သတင်းထောက်တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဦးခင်စိုး၊ ဦးခင်မောင်လှ၊ ဥက္ကဋ္ဌ ကိုဌေးဝင်း၊ အတွင်းရေးမှူး ကိုတင်စိန်နှင့်ဘဏ္ဍာရေးမှူး ကိုခင်မြင့်တို့က လက်ခံယူကြစဉ်။ (၀၄၂)

မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၁၀

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကျဲကျဲ မိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ မကွေးတိုင်းဒေသကြီးတွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်ထက် ၆ ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန် ခန့်သာ ရှိခဲ့သည်။

မှတ်သားဖွယ်ရာမိုးရေချိန်မှာ ဟုမ္မလင်းမြို့တွင် ၀ ဒသမ ၂၀ လက်မ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူးနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၀

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးအား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး သံအမတ်ကြီး Mr. Derek Mitchell နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးညှိခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာကိစ္စများ၊ နိုင်ငံရေးပါတီဆိုင်ရာကိစ္စများနှင့် နှစ်နိုင်ငံ အဖွဲ့အစည်းများအကြား ရင်းနှီးခင်မင်စွာ ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား စင်ကာပူနိုင်ငံမှဧည့်သည် လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၀

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား စင်ကာပူနိုင်ငံရှိ United Overseas Bank Group ဦးဆောင်ညွှန်ကြားရေးမှူး Mr. Bill Chua နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး**(ဝဲပုံ)** မြန်မာနိုင်ငံအတွင်း ဖြစ်ထွန်းတိုးတက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ အနာဂတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း မြောင်းမြမြို့နယ်အတွင်းရှိ ကျေးရွာပြည်သူများနှင့်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၀

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကော်မတီ ဧရာဝတီတိုင်းဒေသကြီး လပ္ပတ္တာနှင့် မြောင်းမြခရိုင်တာဝန်ခံ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ဇန်နဝါရီ ၈ ရက်တွင် မြောင်းမြခရိုင် ကံကြီးကျေးရွာနှင့် စစ်တပင်ကျေးရွာတို့၌ ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများနှင့်တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ်ကို ရှင်းလင်းပြောကြားကာ ကျေးရွာများရှိ အခြေခံပညာကျောင်းများသို့ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။ ACE ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်းကလည်း ကျောင်းသုံး ဗလာစာအုပ်များနှင့် ဆရာဆရာမများအတွက် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းသည်။

ဖြည့်ဆည်းပေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြောင်းမြမြို့နယ် ပြည်သူ့အားကစားကွင်း ပြန်လည်ပြုပြင်ဖောက်လုပ်ရေး၊ ပွဲကြည့်စင်အဆင့်မြှင့်ဆောက်လုပ်ရေးနှင့် ပြေးလမ်းဖောက်လုပ်ရေးတို့ကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ မြောင်းမြခရိုင်ဧည့်ရိပ်သာ၌ အလှူငွေပေးအပ်ပွဲကျင်းပရာ ACE ဆောက်လုပ်ရေးကုမ္ပဏီနာယကက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုကော်မတီဝင် ဒေါက်တာဒေါ်ဌေးဌေးငြိမ်းက မြောင်းမြမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အလှူငွေကျပ်သိန်း ၂၀ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့သည် မြောင်းမြမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသော ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲသို့ တက်ရောက်၍ ဆရာကြီးဆရာမကြီးများအား လှူဖွယ်ပစ္စည်းများ၊ ပူဇော်ငွေများဖြင့် ကန်တော့ကြသည်။

ဆက်လက်၍ အငြိမ်းစားဆရာကြီးဆရာမကြီးများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် မတည်လှူဒါန်းငွေကျပ်သိန်း ၅၀၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပြုပြင်မွမ်းမံရေးနှင့် ဖောင်ဒေးရှင်းအတွက် မတည်ငွေကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြောင်းမြခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း မြောင်းမြလုပ်ငန်းခွဲရှိ ယမကာလုပ်ငန်းဌာနဝန်ထမ်းများအား တွေ့ဆုံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြောင်းမြမြို့နယ် ကွယ်လွယ်ကျေးရွာ၌ ကွယ်လွယ်အထက်တန်းကျောင်းခွဲ၊ စက္ကော့မူလတန်းကျောင်းနှင့် ကွယ်လွယ်ကွမ်းခြံမူလတန်းကျောင်းတို့မှ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံကာ ဘုန်းတော်ကြီး ခြောက်ကျောင်းအတွက် လှူဖွယ်ဝတ္ထုများနှင့် လှူဒါန်းငွေများ၊ အခြေခံပညာကျောင်းများအတွက် အားကစားပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ဇနီး ဒေါက်တာ ဒေါ်ဌေးဌေးငြိမ်းတို့ မြောင်းမြမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံ၊ အာဆီယံ အင်ဂျင်နီယာဆိုင်ရာ ဘွဲ့တံဆိပ်များပေးအပ်ပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နံနက် ၈ နာရီခွဲတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းသားများ တက်ရောက်ရန် ဖိတ်ကြားထားကြောင်းနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက ကြီးမှူးသည့် မျိုးဆက်သစ် အင်ဂျင်နီယာများ၏ Process & Products ပြပွဲပြသခြင်းကို ဇန်နဝါရီ ၁၃ ရက်မှ ၁၅ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ လှိုင်တက္ကသိုလ်နယ်မြေ အားကစားရုံ အမှတ်(၂)၌လည်းကောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတွင် အင်ဂျင်နီယာ ဘာသာရပ်ပေါင်းစုံ သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် နံနက် ၉ နာရီ မှ ညနေ ၄ နာရီအထိလည်းကောင်း အသီးသီး ကျင်းပမည်ဖြစ်ကြောင်း၊ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၅၁၉၆၇၃-၇၆တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။**(သတင်းစဉ်)**

လမ်းညွှန်ကောင်းမှ……… လမ်းကြောင်းဖြောင့်မည်

ဝါရင့်ဧည့်လမ်းညွှန်တစ်ဦး

နိုင်ငံတော်၏ ပြောင်းလဲလာသော မူဝါဒများနှင့်အတူ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းသည်လည်း ပြောင်းလဲတိုးတက်လျက်ရှိလေသည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ အပြည်ပြည်ဆိုင်ရာဝင်ပေါက်မှ ဝင်ရောက်မှု ၃၉၁၁၇၆ ဦး၊ နယ်စပ်ဝင်ပေါက်မှ ဝင်ရောက်မှု ၄၂၅၁၉၃ ဦး စုစုပေါင်း ၈၁၆၃၆၉ ဦးရှိသဖြင့် မြန်မာ့ခရီးသွားလုပ်ငန်း၏ ကာလတစ်လျှောက် ပြည်ပဧည့်သည်အများဆုံးရောက်ရှိသောနှစ် ဖြစ်ပေသည်။ နောင်နှစ်များတွင်လည်း ထပ်မံတိုးတက်မည့် အလားအလာများရှိနေပြီး Pacific Asia Travel Association (PATA) ၏ မှတ်တမ်းအချက်အလက်များအရ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ၂၀၁၁ ခုနှစ်တွင် တိုးတက်မှုနှုန်း ၂၅ ရာခိုင်နှုန်းဖြစ်ကြောင်း ဖော်ပြခဲ့ပြီး ကမ္ဘာတွင် ခရီးသွားလုပ်ငန်း ရုတ်ခြည်းတိုးတက်လာသောနိုင်ငံအဖြစ်လည်း အင်္ဂလန်နိုင်ငံမှ ထုတ်ဝေသော Wonderlust မဂ္ဂဇင်းမှ ဆန်းစစ်ဖော်ပြခဲ့ကြောင်း သိရှိရပါသည်။ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နိုင်ငံခြားသားဝင်ရောက်မှုမှာ တစ်ရက်လျှင် ပျမ်းမျှ ၁၄၀၀ ဦးခန့်ရှိသဖြင့် ဟိုတယ်များ ပြည့်လျှံသကဲ့သို့ ဧည့်လမ်းညွှန်များလည်း ယခင်နှစ်များနှင့်ယှဉ်လျှင် ပိုမိုအလုပ်များသောနှစ်ဟု ဆိုရပေမည်။

ခရီးသွားလုပ်ငန်း ရုတ်တရက်ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ယင်းနှင့်ဆက်နွယ်သော အခက်အခဲပြဿနာများ ကပ်လျက်ရှိလာမည်မှာ ဓမ္မတာဖြစ်သည့်အားလျော်စွာ ဆိုးကျိုးနည်း၍ ကောင်းကျိုးပွားစေသော ခရီးသွားလုပ်ငန်းတစ်ရပ် ဖြစ်ပေါ်လာစေရေးအတွက် အဘက်ဘက်မှ တာဝန်သိသိဖြင့် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ကြရမည်ဖြစ်ပေသည်။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ခရီးစဉ်ဒေသများ တိုးတက်ကောင်းမွန်စေခြင်း၊ ခရီးစဉ်ဒေသအသစ်များ ဖော်ဆောင်ခြင်း၊ ဟိုတယ်ခန်းများ အဆင့်မီတိုးတက်စေခြင်း၊ တိုးချဲ့ခြင်း၊ ပြည်ပခရီးသွားဧည့်သည်များအတွက် ပို့ဆောင်ရေးကိစ္စများ လုံလောက်အဆင်ပြေချောမွေ့စေခြင်း စသည့်ခရီးသွားလုပ်ငန်းဆိုင်ရာ ပင်မလုပ်ငန်းများအပြင် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သော အသင်းများ စနစ်တကျ ဖွဲ့စည်းဖြစ်ပေါ်လာရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။

ယင်းသို့သော ခရီးသွားလုပ်ငန်းဆိုင်ရာအသင်းများ ဖွဲ့စည်းမြင့်တင်မှုတွင် မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်း (Myanmar Tourist Guide Association) သည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဧည့်လမ်းညွှန် လိုင်စင်ရရှိခဲ့ပြီးသူ ၇၆၀၀ ကျော်ရှိသော်လည်း လက်ရှိလိုင်စင်အသက်ဝင်နေသူ ၃၀၀၀ ကျော်သာရှိပါသည်။ ၎င်းတို့တွင်မှ ဧည့်လမ်းညွှန် ၁၀၀၀ ကျော်ခန့်သာ ဧည့်လမ်းညွှန်လုပ်ငန်းများအား လုပ်ကိုင်နေကြပြီး အချို့မှာ ဂုဏ်သိက္ခာအတွက် လုပ်ငန်းတစ်ရပ်အဖြစ်သော်လည်းကောင်း၊ အခြားကုမ္ပဏီဝန်ထမ်းအဖြစ်သော်လည်းကောင်း အသွင်ယူလိုင်စင်ကိုင်ဆောင်ထားသူများ ဖြစ်ကြပါသည်။ လက်ရှိဧည့်လမ်းညွှန်များအသင်းတွင် အသင်းဝင်ဧည့်လမ်းညွှန် ၉၂၀ ခန့်ရှိပြီး ၇၃၉ ဦးမှာ နှစ်ရက်ကြာ ရက်တိုအထူးမွမ်းမံသင်တန်း တက်ရောက်ပြီးဖြစ်ပါသည်။

ဧည့်လမ်းညွှန်များသည် ပြည်ပဧည့်သည်များရောက်ရှိချိန်တွင် ဦးစွာကြိုဆို တွေ့ဆုံရပြီး ပြန်လည်ထွက်ခွာချိန်အထိ ဧည့်သည်နှင့် အနီးကပ်ဆက်ဆံရသူများဖြစ်သည့်အတွက်လည်း ဧည့်လမ်းညွှန်များကို နိုင်ငံတော်၏သံတမန်များအဖြစ်ပင် ခိုင်းနှိုင်းတင်စားပြောဆိုလေ့ရှိကြပါသည်။ သို့ဖြစ်ပါ၍ ဧည့်လမ်းညွှန်များ စည်းကမ်းကောင်းမွန်ရေး၊ ဘာသာစကားနှင့် ဗဟုသုတကြွယ်ဝရေးသည် လွန်စွာအရေးကြီးပါသည်။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဧည့်လမ်းညွှန်သင်တန်းကျောင်းတွင် အမှတ်စဉ် (၁)မှ (၄၀)ထိ သင်တန်းသား ၇၆၀၀ ကျော် မွေးထုတ်ခဲ့ပြီး အခြေခံသင်တန်းများတွင် ဘာသာရပ် ၄၈ မျိုးအား နှစ်လတာကာလပို့ချ၍ တစ်ဦးချင်းအရည်အသွေးကို လူတွေ့စစ်ဆေးမေးမြန်းပြီးမှသာ ဧည့်လမ်းညွှန်လိုင်စင်များကို ထုတ်ပေးခြင်းဖြစ်ပါသည်။

လိုင်စင်ရပြီး ဧည့်လမ်းညွှန်များအနေဖြင့် တစ်ဦးချင်းအရည်အသွေးကို မိမိဝါသနာပါရာ ဘာသာရပ်အလိုက် ဘဝနှင့်ဆန္ဒ ကိုက်ညီစွာ မြင့်မားတိုးတက်စေရေးအတွက် ဆက်လက်ဆည်းပူးရန် တာဝန်ရှိပါသည်။ တစ်ချိန်က မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းလက်အောက်တွင် ကမ္ဘာလှည့်ခရီးသွားဧည့်လမ်းညွှန်ဆပ်ကော်မတီကို အဖွဲ့ဝင် ၅၁ ဦးဖြင့် ဖွဲ့စည်းခဲ့ဖူးပါသည်။

ယခုအခါ ဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ၂၂-၇-၂၀၁၁ ရက်နေ့တွင် မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်း(ယာယီ)ကို အမှုဆောင် ၄၉ ဦးဖြင့် စတင်ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးသော နိုင်ငံတိုင်းလိုမှာပင် ဧည့်လမ်းညွှန်အသင်းများ ဖွဲ့စည်းထားရှိပြီး ၎င်းအသင်းများအနေဖြင့် လိုင်စင်ရဧည့်လမ်းညွှန်များ၏ စည်းကမ်းပိုင်းဆိုင်ရာနှင့် ဖြစ်စဉ်အကြောင်းခြင်းရာကို မပြတ်ထိန်းသိမ်းထားရှိရမြဲဖြစ်ပေသည်။ ယခုအခါတွင်မူ မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်း၏ အကြိမ်ကြိမ် ညှိနှိုင်းပူးပေါင်းရေးသားပြီးမှ တင်ပြသော **'ဧည့်လမ်းညွှန်များလိုက်နာရန် စည်းကမ်းချက်များစာအုပ်'** (Code Of Ethics For Myanmar Tourist Guide) ကို ဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် ဧည့်လမ်းညွှန်အားလုံး သိရှိလိုက်နာစေရန် ထုတ်ဝေဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် ရက်တိုအထူးမွမ်းမံသင်တန်းတက်ရောက်ပြီးသူ ဧည့်လမ်းညွှန်ဦးရေ ၇၀၀ ကျော်ကိုသာ ဝေငှပေးထားပြီးဖြစ်သော်လည်း ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုအရ ဧည့်လမ်းညွှန်တိုင်း မိမိတို့၏ သက်တမ်းရှိလိုင်စင်နံပါတ်နှင့်အမည်များ စာရင်းပေး၍ အသင်းရုံး၌ အခမဲ့ထုတ်ယူနိုင်ရန် စီစဉ်ထားရှိပြီး ဖြစ်ပါသည်။

နိုင်ငံတိုင်းမှာပင် ပုဂ္ဂလိကလုပ်ငန်းကဏ္ဍများမှ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုကို အာရုံစိုက်အလေးထားကြမည်မှာမှန်သော်လည်း ၎င်းတို့အနေဖြင့် ကိုယ်တိုင်လိုက်နာရန်အတွက် စည်းမျဉ်းဥပဒေလုပ်ထုံးလုပ်နည်းများကို ပြဌာန်းကြမည်မဟုတ်ပါ။အစိုးရကဏ္ဍသည်သာလျှင် လုပ်ငန်းရှင်များ၏ အကြံဉာဏ်နှင့် ထင်မြင်ချက်များကို လေ့လာသုံးသပ်၍ ဟန်ချက်ညီသော လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ဆောင်ရွက်ရသည်ဖြစ်ရာ မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များ၏ အရေးအရာကိစ္စရပ်များတွင်လည်း စနစ်တကျရှိစေရေးအတွက် မြန်မာနိုင်ငံ ဧည့်လမ်းညွှန်အသင်း(ယာယီ)ကို ဖွဲ့စည်းပေးခဲ့ပြီးနောက် ၎င်းအဖွဲ့၏ ညှိနှိုင်းစီစဉ်မှုဖြင့်သာ အများ၏ဆန္ဒဖြင့်ရွေးချယ်သော ဗဟိုအလုပ်အမှုဆောင် ၁၁ ဦးနှင့် ကော်မတီ (၇) ရပ်မှ အလုပ်အမှုဆောင်များပါဝင်သည့် ဧည့်လမ်းညွှန်အသင်း(ယာယီ)ကို ဖွဲ့စည်းရန် ခွင့်ပြုခဲ့ခြင်းဖြစ်ပါသည်။ ထို့အပြင်လည်း မကြာမီကာလ(မေလ)ခန့်တွင် ဧည့်လမ်းညွှန် အများအပြား အားလပ်စုစည်းနိုင်မည့် အချိန်၊ နေရာတို့ကိုရွေးချယ်၍ ဧည့်လမ်းညွှန်များ၏ ရွေးချယ်မှုဖြင့် ခန့်ထားနိုင်မည့် အလုပ်အမှုဆောင်အဖွဲ့ဝင်များရွေးချယ်ရေး အစည်းအဝေးခေါ်ယူဆောင်ရွက်နိုင်ရန် ခွင့်ပြုမည်ဖြစ်ကြောင်း ၂၃-၈-၂၀၁၁ ရက်နေ့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ကျောက်စိမ်းခန်းမတွင် ပြုလုပ်သော ဧည့်လမ်းညွှန်များလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ကြေညာခဲ့ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်း၏ သင်းဖွဲ့စည်းမျဉ်းစာမူကြမ်း ရေးသားထားရှိပြီးဖြစ်သည့်အတွက် ဗဟိုအလုပ်အမှုဆောင်များ ရွေးချယ်အတည်ပြုပြီးသည့်အခါတွင် ဆက်လက်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။

စည်းစနစ်ကျနသော အဖွဲ့အစည်းတိုင်းတွင် တူညီဝတ်စုံ(Uniform) သတ်မှတ်ထားရှိရမြဲဖြစ်ရာ ဧည့်လမ်းညွှန်များလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီးက လျာထားသတ်မှတ်ထားသည့် ဝတ်စုံအမျိုးအစားများနှင့် ဝတ်ဆင်သင့်သည့် ဝတ်စုံ/အချိန်/နေရာတို့ကို ယာယီဖွဲ့စည်းထားသော ဧည့်လမ်းညွှန်အသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့က အများစု၏ သဘောထားရယူ၍ သတ်မှတ်ဆောင်ရွက်ရန်ဖြစ်ကြောင်း မိန့်ကြားခဲ့ပြီးလည်းဖြစ်ပါသည်။ ထို့အပြင် ဧည့်လမ်းညွှန်များလိုက်နာရန် စည်းကမ်းချက်စာအုပ် ဝတ်စားဆင်ယင်မှုဆိုင်ရာ ဖော်ပြချက်တွင်လည်း "ဝန်ကြီးဌာန၏ အဆိုပြုချက်အပေါ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့(CEC) ၏ တညီတညွတ်သတ်မှတ်ထားသော တူညီဝတ်စုံကို ဝန်ကြီးဌာနသို့လာရောက်ခြင်း၊ ရုံးတတ်ခြင်း၊ တာဝန်ရှိသူလူကြီးများနှင့် တွေ့ဆုံခြင်းများတွင်လည်းကောင်း၊ International Flight Arrival ကြိုဆိုသောနေ့တွင် လည်းကောင်း၊ International Flight Departure ပို့ဆောင်သောနေ့တွင်လည်းကောင်း၊ ရွှေတိဂုံဘုရားကို ဖူးမြော်ပို့ဆောင်သောနေ့တွင်လည်းကောင်း၊ Station Guide များအတွက် ပထမဆုံး ဧည့်ကြိုသောနေ့တွင်လည်းကောင်း၊ (MTGA) သင်းလုံးကျွတ်အစည်းအဝေးများနှင့် အထူးအစည်းအဝေးများတွင်လည်းကောင်း၊ အချိန်နှင့် အခြေအနေများပေါ်မူတည်၍ ဝတ်ဆင်ရန်ဖြစ်ကြောင်း၊ လုပ်ငန်းလိုင်စင်ကတ်ပြားနှင့် တံဆိပ်ကိုလည်း ထင်ရှားမြင်သာအောင် ချိတ်ဆွဲတပ်ဆင်ပြီး ဧည့်လမ်းညွှန်ခရီးသွားလာမှုမှတ်တမ်းကို ကိုယ်နှင့်မကွာအမြဲကိုင်ဆောင်ရမည်ဖြစ်ကြောင်း" ဖော်ပြပါရှိပြီးဖြစ်ပါသည်။ ဝန်ကြီးဌာနက စီစဉ်ပေးသော အခမဲ့သွားလာစရိတ်၊ စားသောက်တည်းခိုစရိတ်များဖြင့် တက်ရောက်လာခဲ့သည့် မြန်မာနိုင်ငံ တစ်နံတစ်လျားမှ ဧည့်လမ်းညွှန် ၃၆၀ ၏ ထိုအလုပ်ရုံဆွေးနွေးပွဲအခမ်းအနားတွင် ထောက်ခံသော လက်ခုပ်သံများကို ကျွန်မကြားယောင်နေဆဲလည်း ဖြစ်ပါသည်။

ဧည့်လမ်းညွှန်ဆိုင်ရာ ပြဿနာများမှာ နိုင်ငံအများအပြားတွင် ဖြစ်ပေါ်လျက်ရှိပါသည်။ ထိုသို့ ဖြစ်ပေါ်ရခြင်းမှာလည်း ဆွမ်းဆန်တွင်ကြွက်ချေးရောဆိုသကဲ့သို့ လူနည်းစု ဧည့်လမ်းညွှန်အချို့နှင့် တရားမဝင်သော အယောင်ဆောင်ဧည့်လမ်းညွှန်များ (Illegal Guides) ကြောင့်သာ ပြဿနာများဖြစ်ပေါ်နေရခြင်းဖြစ်ပါသည်။ ယခု ရက်သတ္တပတ်အတွင်း ကျွန်မဖတ်ရှုရသော သတင်းတစ်ပုဒ်အရ ပြည်ပဧည့်လမ်းညွှန်များ၏ Website မှ ကိုယ်ရေးအချက်အလက်များရယူ၍ လိုင်စင်အတုဖြင့် ဝန်ဆောင်မှုပေးခြင်းများလည်း ဖြစ်ပေါ်လျက်ရှိပါသည်။ Hong Kong မှ အဖြစ်အပျက်တစ်ခုဆိုလျှင် အမျိုးသမီးတစ်ဦးသည် သူငယ်ချင်းဖြစ်သူ၏ ဧည့်လမ်းညွှန် card ကိုယူ၍ ဧည့်လမ်းညွှန်အဖြစ် ခေါင်းဆောင်လိုက်ပါပြီး အတင်းအကျပ်ဈေးဝယ်စေမှုကြောင့် နိုင်ငံခြားဧည့်သည်တစ်ဦး သေဆုံးရသည်အထိဖြစ်ခဲ့ရသော အဖြစ်အပျက်တစ်ခုဖြစ်ပါသည်။ ယင်းသို့ အတင်းအကျပ်ဈေးဝယ်စေရန် တိုက်တွန်းခြင်းမှာ ပစ္စည်းရောင်းချသောဆိုင်ရှင်ထံမှ ကော်မရှင်ဟုပြောဆိုနေကြသော ပွဲစားခရယူလို၍ဖြစ်သည်။ ဧည့်သည်သေဆုံးရသည့် အကြောင်းရင်းမြစ်ကို ဆိုင်ရာရဲတပ်ဖွဲ့က စုံစမ်းသည့်အခါမှသာ ကာယကံရှင်ဧည့်လမ်းညွှန်အနေဖြင့် ၎င်း၏ ဧည့်လမ်းညွှန်လိုင်စင်အား ပေါ့ဆစွာဖြင့် သူငယ်ချင်းဖြစ်သူအား ငှားရမ်းခဲ့မှုကြောင့် ဧည့်သည်တစ်ဦး အသက်ဆုံးရှုံးခဲ့ရသည်ကို သိရှိရလေသည်။ ထိုအယောင်ဆောင်ဧည့်လမ်းညွှန်အား အစစ်ဟု ထင်မှတ်ငှားရမ်းသော ခရီးသွားအေဂျင်စီက ဧည့်လမ်းညွှန်လိုင်စင်နှင့် တိုက်ဆိုင်စစ်ဆေးခြင်းမပြုမိ၍ ယင်းသို့သော ဖြစ်ရပ်ဖြစ်ပွားရကြောင်း ဖော်ပြထားရှိပြီး ဒေသခံပြည်သူလူထုထံမှ တရားမဝင် ဧည့်လမ်းညွှန်များနှင့်ပတ်သက်၍ တိုင်ကြားချက်များ များပြားလာနေကြောင်း သိရှိရပါသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုမှာ ကောင်းမွန်သော်လည်း အခြားတစ်ဖက်တွင် တရားမဝင်လုပ်သား များပြားလာစေနိုင်မှုကြောင့် ဂရုပြုဆောင်ရွက်သင့်သည့် ကိစ္စဖြစ်ပေသည်။ ယခုဖြစ်စဉ်မှာလည်း ဧည့်လမ်းညွှန်လုပ်ငန်းနှင့်ဆက်နွယ်သော ပြဿနာရပ် အများအပြားကြားမှ ဥပမာတစ်ခုသာလျှင်ဖြစ်ပါသည်။ သို့ဖြစ်၍လည်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် Smart Card နှင့် ဧည့်လမ်းညွှန်ခရီးသွားလာမှုမှတ်တမ်းစာအုပ် (Tour Guide Passport) များအား သတ်မှတ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။ ၎င်းဧည့်လမ်းညွှန် ခရီးသွားမှတ်တမ်းစာအုပ်သည် ဧည့်လမ်းညွှန်အနေဖြင့် ခရီးစဉ်တစ်ခုလျှင် စထွက်သည့်နေရာရှိ သက်ဆိုင်ရာကောင်တာ၌ တစ်ကြိမ်သာလျှင် တံဆိပ်တုံးရိုက်နှိပ်ရမည်ဖြစ်ပြီး ခရီးသည်များ၏ နေ့ရက်အလိုက်ရောက်ရှိသည့်နေရာကို သိရှိခြင်းဖြင့် ခရီးသွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ပါသည်။ ထိုသို့စနစ်ကျသော လုပ်ဆောင်မှုများကြောင့် Smart Card ချိတ်ဆွဲထားသည့် မိမိအစီအစဉ်ဖြင့် ဝန်ဆောင်မှုပေးသော ဧည့်လမ်းညွှန်များ (Freelance Guides) အား ဧည့်သည်များက အလွယ်တကူခွဲခြားနိုင်ပြီး စိတ်ချလုံခြုံစွာဖြင့် ငှားရမ်းလိုမည်ဖြစ်ပါသည်။ ဧည့်လမ်းညွှန်ခရီးသွားလာမှု မှတ်တမ်းစာအုပ်ထားရှိခြင်းဖြင့် တရားမဝင်ဧည့်လမ်းညွှန် (Illegal Guides) များအား ပိုမိုခွဲခြားအရေးယူ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်သို့လည်း အခွန်ငွေ စနစ်တကျပေးဆောင်နိုင်ခြင်းဖြင့် နိုင်ငံခြားငွေဆိုင်ရာ အခွန်ထမ်းပြည်သူများရရှိမည့် အခွင့်အလမ်းများကို ရရှိနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် အတိတ်ကာလတွင် အာရှနိုင်ငံများအကြား နောက်ကျကျန်ခဲ့သော်လည်း အနာဂတ်အလားအလာမှာ လွန်စွာကောင်းမွန်လျက်ရှိရာ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ပေသည်။ စနစ်ကျသော ခရီးသွားလုပ်ငန်း ဖြစ်ပေါ်ရေးအတွက် ဧည့်လမ်းညွှန်တစ်ဦးစီ၏ အရည်အချင်းပြည့်ဝမှုအပြင် စည်းကမ်းလိုက်နာမှုများနှင့် သက်ဆိုင်လျက်ရှိရာ ဧည့်လမ်းညွှန်ဆိုင်ရာ ကျွမ်းကျင်မှုဗဟုသုတများ တိုးမြှင့်ဖြည့်ဆည်းရန်အတွက် သင်တန်းများ၊ မွမ်းမံသင်တန်းများနှင့် ဆွေးနွေးပွဲများဖြင့်လည်း ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ ဧည့်လမ်းညွှန်အသင်းအဖွဲ့များတွင်လည်း အလားတူ ဆောင်ရွက်ကြရသည်ဖြစ်ရာ အင်အားခိုင်မာ၍ အရည်အချင်းပြည့်ဝသော ဧည့်လမ်းညွှန်အသင်းတစ်ရပ်အဖြစ် ဖော်ဆောင်နေဆဲကာလတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ယင်းကွက်လပ်အား ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံ ဧည့်လမ်းညွှန်သမိုင်းကြောင်းတစ်လျှောက် သုံးသပ်ကြည့်လျှင် နှစ် ၃၀ ကျော် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဆောင်ရွက်ခဲ့သည့်ကာလအတွင်း ခိုင်မာသည့် အသင်းအဖွဲ့တစ်ရပ်အဖြစ် စုစည်းဆောင်ရွက်ခဲ့ဖူးခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မဖွံ့ဖြိုးသေးသည့်ကာလတွင် ဧည့်လမ်းညွှန်လုပ်ငန်းအနေဖြင့် ခေတ်ကာလအခြေအနေအရ လျော်ညီစွာ ရပ်တည်နိုင်ခဲ့သော်လည်း တိုးတက်လာမည့် အနာဂတ်ကာလအတွက် ပိုမိုစည်းကမ်းစနစ်ကျသော ဧည့်လမ်းညွှန်အသင်းတစ်ရပ် ဖြစ်ပေါ်လာရေးသည် အဓိကကျလျက်ရှိပါသည်။ စည်းကမ်းကျနသော အသင်းတစ်ရပ် ဖြစ်ပေါ်ရေးမှာ ယင်းအသင်းကို ဦးဆောင်မည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ အရည်အသွေးပေါ်တွင် များစွာတည်မှီလျက်ရှိပါသည်။

ကမ္ဘာလှည့်ခရီးသည်များ၏ ယုံကြည်မှုရရှိပြီး လက်ကိုင်ထားခရီးသွားကြသည့် Lonely Planet ခရီးသွားလမ်းညွှန်စာအုပ်ကပင် ၂၀၁၂ ခုနှစ် ကမ္ဘာ့အကောင်းဆုံး ခရီးသွားနိုင်ငံ ၁၀ နိုင်ငံစာရင်းတွင် မြန်မာနိုင်ငံကို ဒုတိယအကောင်းဆုံးနိုင်ငံအဖြစ် မကြာမီကပင် ရွေးချယ်ဖော်ပြခဲ့ပေသည်။ မြန်မာနိုင်ငံသို့ တဖွဲဖွဲ ဝင်ရောက်လာမည့် ကမ္ဘာလှည့်ဧည့်သည်များ အဆင်ပြေလွယ်ကူချောမွေ့စေရန် **နိုင်ငံခြားဧည့်သည် ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေးကော်မတီ**က ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် အစီအမံများ ရေးဆွဲဆောင်ရွက်ရာတွင် မကြာမီစတင်နိုင်ရန် ပြင်ဆင်လျက်ရှိသော on line မှ ခွင့်ပြုမည့် E-Visa စနစ်လည်း ပါဝင်ပါသည်။ သို့ဖြစ်၍ မြန်မာ့ခရီးသွားလုပ်ငန်းတိုးတက်မှုအပေါ် စနစ်တကျ ရေရှည်တည်တံ့ဖွံ့ဖြိုးမှု (Sustainable Development)ရှိစေရေးအတွက် မြန်မာနိုင်ငံ ဧည့်လမ်းညွှန်အားလုံးက တစ်စိတ်တစ်ဝမ်းတည်း ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ အရည်အချင်းပြည့်ဝ၍ စည်းကမ်းရှိသော ဧည့်လမ်းညွှန်များနှင့် စည်းကမ်းမဲ့ အယောင်ဆောင်ဧည့်လမ်းညွှန်များ ကွဲပြားအောင် ဆောင်ရွက်နေချိန်တွင် အသင်းသားတိုင်း စိတ်ရှည်တာဝန်ရှိစွာဖြင့် နားလည်ပါဝင်ကူညီပေးပါရန် တိုက်တွန်းအပ်ပေသည်။ ။

သစ်လုပ်ငန်းရှင်များအသင်း အသင်းသားစုံညီ အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း (၁၈)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန၌ ဇန်နဝါရီ ၂၀ ရက် (သောကြာနေ့) ညနေ ၅ နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ မပျက်မကွက် တက်ရောက်ကြရန်နှင့်ဖုန်း-၂၁၄၈၃၈၊ ၂၁၄၈၃၉ နှင့် ၂၁၄၈၄၀ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၄)ရပ်ကွက် မေတ္တာမွန်စာကြည့်တိုက်တွင် နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်ဝိုင်းကို ဇန်နဝါရီ ၈ ရက် ကကျင်းပရာ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ် စာကြည့်တိုက် ရှင်သန်ခိုင်မာရေးနှင့် စာဖတ်သူအင်အားတိုးတက်ရေး ဆွေးနွေးပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့် ဟင်းချက်ပြုတ်ခြင်းမပြုရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။ (မီးသတ်ဦးစီးဌာန)

ကြာအင်းဆိပ်ကြီးမြို့နယ်၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွား တစ်ဦးသေဆုံး၊ ၁၁ ဦး ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၁၀

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အနန်းကွင်းကျေးရွာ ဘုရားပွဲ၌ ဇန်နဝါရီ ၇ ရက် ညပိုင်းတွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားပြီး တစ်ဦးသေဆုံးကာ ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ည ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် ပွဲဈေးတန်းလာသူတစ်ဦး၏ လွယ်အိတ်ထဲမှ ဗုံးတစ်လုံးပြုတ်ကျပေါက်ကွဲမှုကြောင့် အနန်းကွင်းကျေးရွာနေ မချိုချိုမြင့် အသက် ၂၅ နှစ် သေဆုံးပြီး အမျိုးသမီး ရှစ်ဦးနှင့် အမျိုးသား သုံးဦး ဒဏ်ရာများရရှိခဲ့သဖြင့် သံဖြူဇရပ်ဆေးရုံနှင့် မော်လမြိုင်ဆေးရုံကြီးတို့သို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း၊ ပေါက်ကွဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ တာဝန်ရှိသူတို့က ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

KIA (ကချင်)အဖွဲ့က ထောင်ထားသော မိုင်းတစ်လုံးနင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၁၀

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ရှဒူဇွတ်ကျေးရွာနေ မောင်ညီပေါင်း အသက် ၂၁ နှစ်သည် ဇန်နဝါရီ ၈ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် ရွှေမော်လုပ်ကိုင်ရာမှ ကျေးရွာသို့ပြန်လာစဉ် မိုးကောင်းချောင်းအနီး၌ KIA(ကချင်)အဖွဲ့က ထောင်ထားသော မိုင်းတစ်လုံးနင်းမိပေါက်ကွဲ၍ လက်ဝဲဘက်ခြေမပြတ်ဒဏ်ရာနှင့် လက်ဝဲဘက် ချိုင်းအောက်တို့တွင် မိုင်းစထိမှန် ဒဏ်ရာများရရှိခဲ့သဖြင့် တာဝန်ရှိသူတို့က တနိုင်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသလျက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သင့်သွေးဖြင့် အသက်ကယ်ပါ

လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ

မွန်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး

နေပြည်တော် ဇန်နဝါရီ ၁၀

ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် ပြည်နယ်ဝန်ကြီးများသည် မော်လမြိုင်မြို့ မြို့မဆိပ်ခံ ဗောတံတား၌ (၆၄)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအဖြစ် သံလွင်မြစ်အတွင်း ရေလှော်လှော်စီးဂျက်စကီးဘုတ်များဖြင့် ပြည်သူများ ပျော်ရွှင်စွာစီးနင်းနေမှုနှင့် မော်လမြိုင်မြို့ပေါ်ရပ်ကွက်အသီးသီး၌ကျင်းပသည့် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများတွင် ပြည်သူများပျော်ရွှင်စွာပါဝင်ဆင်နွှဲနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီပုထိုးများနှင့် အင်းဝနှင့် ပင်းယဒေသအတွင်းရှိ စေတီပုထိုးများ ရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းရန် လှူဒါန်းနိုင်

နေပြည်တော် ဇန်နဝါရီ ၁၀

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးကြပ်၍ ရှေးဟောင်းစေတီပုထိုးများကို ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရခိုင်ပြည်နယ် မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ရှေးဟောင်းစေတီ(၁၂)ဆူကို ရှေးမူလက်ရာမပျက် ဘက်စုံပြုပြင်ရန်လည်းကောင်း၊ စေတီရှစ်ဆူကို လက်ရှိအနေအထားအတိုင်း ပြုပြင်ထိန်းသိမ်းရန်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အင်းဝနှင့် ပင်းယဒေသရှိ ပင်းယခေတ်၊ အင်းဝခေတ်နှင့် ကုန်းဘောင်ခေတ်ရှေးဟောင်းစေတီ (၂၉)ဆူကို ဘက်စုံပြုပြင်ရန်လည်းကောင်း၊ စေတီ(၄၅)ဆူကို လက်ရှိအနေအထားအတိုင်း တိုး၍ မပျက်စီးစေရေး ပြုပြင်ထိန်းသိမ်းရန်လည်းကောင်း အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုထိန်းသိမ်းရေးအဖွဲ့အစည်းများ၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ ဖော်ပြပါ စေတီပုထိုးများ ရှေးမူမပျက်ဘက်စုံပြုပြင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်သည့်နေရာဌာနများ

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅)နေပြည်တော် ၀၆၇-၄၀၈၂၁၄	၅။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ မြောက်ဦးဌာနစု၊ မြောက်ဦးမြို့ ၀၄၃-၂၀၂၉၃
၂။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊နေပြည်တော် ၀၆၇-၄၀၈၀၄၀၊ ၄၀၈၀၂၇	၆။ ရခိုင်ပြည်နယ်လူမှုရေးဝန်ကြီးရုံး ၀၄၃-၂၂၆၅၁
၃။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ၊ ၀၁-၅၁၅၀၅၄၊ ၅၁၂၁၃၇	၇။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး ၀၄၃-၂၃၆၃၆၊ ၂၃၉၉၁
၄။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ စစ်တွေဌာနခွဲ၊ စစ်တွေမြို့၊ ၀၄၃-၂၃၄၆၅	၈။ ရခိုင်ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ၀၄၃-၂၁၉၂၃
	၉။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ၊ မန္တလေးမြို့၊ ၀၂-၇၆၁၅၂

သဃ်န်းကျွန်းမြို့နယ်၌ ဘက်စုံထူးချွန်ဆုများချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်၏ မြို့နယ်ဘက်စုံထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီက အထက(၁) သဃ်န်းကျွန်း ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သဃ်န်းကျွန်းမြို့နယ်နှင့် အရှေ့ပိုင်းခရိုင် ပညာရေးမှူး၊ လက်ထောက်မြို့နယ်ပညာရေးမှူးနှင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ကြီးများ၊ ဆုရကျောင်းသားကျောင်းသူများ ဆရာ ဆရာမများ၊ မိဘများ တက်ရောက်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဘက်စုံထူးချွန်အထက်တန်းကျောင်းဆုရရှိသော အထက သုဝဏ္ဏကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသွယ်အား အရှေ့ပိုင်းခရိုင်ပညာရေးမှူး ဆရာကြီး ဦးရှိန်းလိန်းအောင်က ဆုချီးမြှင့်ပေးခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(ပညာရေး)

မော်လမြိုင်ကျွန်းမြို့နယ်၌ ချေးငွေထုတ်ချေး

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၀

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ မူလတန်းဆရာ ဆရာမများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ သက်သာချောင်ချိမှု ရရှိစေရေးအတွက် ငွေစုငွေချေးအသင်း ခုနစ်သင်းတို့က ငွေထုတ်ချေးပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၁၀ နာရီက မော်လမြိုင်ကျွန်းမြို့ မြို့မ ၁၄ လမ်း မူလတန်းကျောင်း၌ ကျင်းပသည်။ ငွေထုတ်ချေးပွဲတွင် ငွေစုငွေချေးအသင်းများကိုယ်စား ဦးတင်လှိုင်က ကရဏာ ငွေစုငွေချေးအသင်း၏ ချေးငွေထုတ်ချေးရသည့် ရည်ရွယ်ချက်နှင့် ထပ်မံထုတ်ချေးမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထုတ်ချေးပေး

ထို့နောက် ငွေစုငွေချေးအသင်းများဖြစ်သော ကရဏာ၊ သပြေထွန်း၊ ဝါဝါဝင်း၊ မင်းသရဖူ၊ ပန်းသီနှင့် ဆင်မင်း ငွေစုငွေချေးအသင်းတို့က ငွေများထုတ်ချေးပေးခဲ့ကြရာ ဇန်နဝါရီ ၄ ရက်အထိ မူလတန်းပြ ဆရာ ဆရာမများနှင့် ဌာနဆိုင်ရာဝန်ထမ်း ၁၀၇၈ ဦး တို့အား ငွေကျပ် ၁၁၉၆ သိန်း ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ **(၀၆၅)**

အားကစားဖြင့်

နိုင်ငံ့ဂုဏ်ကိုမြှင့်တင်

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ကန်ကြီးထောင့်မြို့ အထကကျောင်း အမျိုးသားခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန် ဖတ်ကြားစဉ်။ (၀၉၃)

စိန်ဂေဟာမိသားစု စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၀

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စိန်ဂေဟာမိသားစုနှင့် Customer များ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၂နာရီခွဲအထိ လသာမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ဗဟိုအမျိုးသားသွေးဌာန၌ ပြုလုပ်ခဲ့ကြသည်။ **(အောက်ပုံ)** သွေးလှူဒါန်းပွဲတွင် စိန်ဂေဟာ Customer ၂၅၀ ကျော်၊ ဝန်ထမ်း ၈၀ တို့ ပါဝင်လှူဒါန်းကြသည်။ Customer များ အဆင်ပြေစွာ သွေးလှူဒါန်းနိုင်ရန် စိန်ဂေဟာမှ သွေးဌာနသို့ ကြိုပို့ယာဉ်များစီစဉ်ပေးထားပြီး အမှတ်တရ တီရှပ်အင်္ကျီများပေးခြင်း၊ ခွန်အားဖြည့်အာဟာရများကျွေးမွေးသည့် အစီအစဉ်များပြုလုပ်ခဲ့ကြသည်။

စိန်ဂေဟာမိသားစုသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများစသော လူမှုရေးဆိုင်ရာလုပ်ငန်းများကို ပြုလုပ်သွားမည့်ရည်ရွယ်ချက်အတိုင်း ၂၀၁၁ခုနှစ် ဩဂုတ်လတွင် လှော်ကားသဘာဝဘေးမဲ့ဥယျာဉ်တွင် ကျွန်းပျိုးပင် ၁၀၀၀ ကျော်စိုက်ပျိုးခြင်း၊ အောက်တိုဘာလတွင် ပရဟိတကျောင်းများသို့ အလှူငွေများပေးအပ်ခြင်းများပြုလုပ်ခဲ့ပြီး ယခုသွေးလှူဒါန်းပွဲသည် ပထမအကြိမ်ပြုလုပ်ခြင်းဖြစ်သည်။

နောက်ပိုင်းတွင်လည်း စိန်ဂေဟာမှ Customer များနှင့်အတူ သက်ကြီးရွယ်အိုဘိုးဘွားများစောင့်ရှောက်ရေးလုပ်ငန်း၊ ကလေးသူငယ်ပညာရေးထောက်ပံ့မှု စသောလူမှုရေးလုပ်ငန်းများအား ယခုထက်ပို၍လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဗန်တိုတံခွန်စိုက်ပြိုင်ပွဲနှင့် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့သိုင်းပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

ပထမအကြိမ် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဗန်တိုတံခွန်စိုက် ပြိုင်ပွဲနှင့် (၁၇)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့သိုင်းပြိုင်ပွဲကို ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် မိုးလုံလေလုံ အားကစားခန်းမ၌ ဇန်နဝါရီ ၁၅ ရက်မှ ၂၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီတွင် စတင်ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်

ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့သိုင်းပြိုင်ပွဲသို့ ဝန်ကြီးဌာနကိုယ်စားပြုအသင်းများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ပြီး မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဗန်တိုတံခွန်စိုက်ပြိုင်ပွဲကို ဝန်ကြီးဌာနအသင်းများ၊ ကလပ်အသင်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အသင်းများ၊ ပင်မအသင်းများ၊ အသင်းလိုက်ဖြစ်စေ၊ အလွတ်တန်းဖြစ်စေ ဗန်တိုပညာကို တတ်မြောက်ထားသူမည်သူမဆို ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ ဆုကြေးထိုက်တန်စွာ ချီးမြှင့်သွားမည့်အပြင် ထူးချွန်သော အားကစားသမားများအား ပဏာမလက်ရွေးစင်အဖြစ် ရွေးချယ်သွားမည်ဖြစ်သည်။

အဆိုပါဗန်တိုပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လိုသောအသင်းများနှင့် အားကစားသမားများသည် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်သို့ ရုံးချိန်အတွင်း ပြိုင်ပွဲဝင်ခွင့်ပုံစံ အချက်အလက်၊ ပတ်စပို့ဓာတ်ပုံ သုံးပုံနှင့်အတူ နောက်ဆုံးထား စာရင်းပေးသွင်းနိုင်သည်။

ဆက်သွယ်မေးမြန်းနိုင်

အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရှိ အားကစားနှင့် ကာယပညာဦးစီးဌာနများနှင့် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် ရုံးအဖွဲ့၊ ဖုန်း-၅၈၄၃၅၃၊ ၅၈၀၇၁၂ တို့ထံသို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သိုင်းအဖွဲ့ချုပ်)**

အစည်းအဝေးတက်ရောက်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၁၀

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပမည့် (၂၃)ကြိမ်မြောက် AFIC Working Committee အစည်းအဝေးသို့ တက်ရောက်ရန်အတွက် AFIC Working Committee အဖွဲ့ဝင်ဖြစ်သော မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းမှ တွဲဖက်အထွေထွေအတွင်းရေးမှူး(၃) ဦးဘာဘာချို၊ ပရိဘောဂလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ကိုလတ်နှင့် အလုပ်အမှုဆောင် အဖွဲ့ဝင် ဦးရဲထက်ဝင်းတို့သည် ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းမှ အမှုဆောင်အရာရှိ ဦးထင်ကျော်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(မြန်မာ့အလင်း)

လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြော

မိုးမောက် ဇန်နဝါရီ ၁၀

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီက လူမှောင်ခိုနှင့် လူကုန်ကူးမှုဆိုင်ရာတားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးသိန်းအောင်က လူကုန်ကူးမှုနှင့် ပတ်သက်၍ သိသင့်သိထိုက်သော အချက်များကို ဆွေးနွေးသည်။ ထို့နောက် ဗန်းမော်ခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး(အထူး)အဖွဲ့ တာဝန်ခံ ရဲအုပ်အေးအေးခိုင်က လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအကြောင်း သိကောင်းစရာများကို ဟောပြောခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် (၁၂)ရပ်ကွက်ရှေ့ အမှတ်(၉) အခြေခံပညာမူလတန်းလွန်ကျောင်း ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။ အခမ်းအနားတွင် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား ကျင်းပရခြင်းအကြောင်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်စိန်အေးက ပြောကြားပြီးနောက် မြို့နယ်ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူ ၃၁ ဦး၊ ကျောင်းတွင်းထူးချွန်ဆုရ ကျောင်းသား ကျောင်းသူ ၁၁၉ ဦးတို့အား မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြသည်။ ထို့နောက် သင်ကြားမှုထူးချွန်ဆု၊ ကျောင်းတက်မှန်ဆုရ ဆရာ ဆရာမများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၀၄၅)

11-1 (10).pmd 1 1/11/2012, 3:14 AM

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအခမ်းအနားဖြင့်ကြိုဆို

နေပြည်တော် ဇန်နဝါရီ ၁၀

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ဇန်နဝါရီ ၉ ရက် နံနက် ၈ နာရီခွဲတွင် ဗန်ကောက်မြို့ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး စစ်ရေးပြကွင်း၌ ကျင်းပသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြစဉ်။ (သတင်းစဉ်)

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနား တက်ရောက်ရန် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး စစ်ရေးပြကွင်းသို့ မော်တော်ယာဉ်ဖြင့်ရောက်ရှိလာရာ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ပြီး ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့သည် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြကာ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးပြီးချိန်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

တည်ခင်းဧည့်ခံ

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ထို့နောက် မွန်းတည့် ၁၂ နာရီတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဗန်ကောက်မြို့ Royal Thai Navy Institute ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် Royal Thai Navy Institute သို့ရောက်ရှိကြရာ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ် General Paryuth Chan O Cha၊ ထိုင်းဘုရင့်ရေတပ် ဒုတိယဦးစီးချုပ် Admiral Weerapol၊

စာမျက်နှာ ၆ ကော်လံ ၁ ❍

ကြားဖြတ်ရွေးကောက်ပွဲတွင် ယခင်ရွေးကောက်ပွဲ အတွေ့အကြုံများကို သင်ခန်းစာယူ ပိုမိုပြည့်စုံမှန်ကန်ပြီး လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်ရေး ဆောင်ရွက်

အမှာစကား ပြောကြား

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင် ကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၀

မကြာမီကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ယခင်ရွေးကောက်ပွဲအတွေ့အကြုံများကို သင်ခန်းစာယူ၍ ပိုမိုပြည့်စုံမှန်ကန်ပြီး လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေးကို ဥပဒေနှင့်အညီ ကြိုးကြပ်ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံရေးပါတီများကိုလည်း သက်ဆိုင်ရာဥပဒေများနှင့်အညီ ကြိုးကြပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူများအတွင်း ရွေးကောက်ပွဲဆိုင်ရာ အသိပညာပြန့်ပွားစေရေးနှင့် နိုင်ငံရေးပါတီအချင်းချင်း အပြန်အလှန် ထိန်းကျောင်းစေသည့်စနစ်ကိုလည်း အကောင်အထည် ဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို ဥပဒေနှင့်အညီ တိကျရဲဝံ့စွာ ဘက်မလိုက်ဘဲ လုပ်ဆောင်ကြရန်လိုကြောင်းဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည့် လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို အသေးစိတ်ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

မတ်လတွင် အသုံးပြုနိုင်တော့မည့် ဂျီအက်စ်အမ် သုံးသိန်းတန်ဖုန်းများ စာ-၄

ဟူစတန်မြို့၌ လေဆင်နှာမောင်း တိုက်ခတ်ပြီးနောက် ရေလွှမ်း စာ-၄

၂၀၁၁ ခုနှစ် ဖီဖာ၏ အကောင်းဆုံးဆုများ ဂွါဒီယိုလာ၊ ဖာဂူဆန်၊ ဆာဆာကီ၊ မက်ဆီ၊ ဆာဝါနှင့် နေမာတို့ရရှိ စာ-၅

အက်ဖ်အေဖလား တတိယအဆင့် လက်ကျန်ပွဲ အွန်နရီသွင်းဂိုးဖြင့် အာဆင်နယ် နိုင်ပွဲရ စာ-၅